# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၀၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊

*စာမျက်နှာ ၅ ကော်လံ ၁ ✻*



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်လာမှုကို အလံဝှေ့ယမ်း၍ အားပေးစဉ်။**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

## မျိုးဆက်သစ်လူငယ်များကြားတွင် အဂတိလိုက်စားမှုကို မနှစ်သက်၊ ရက်ရွံ့ဆန့်ကျင်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်းများတွင် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ (၉) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၃ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိကြောင်း။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ ဦးတည်ချက်မှာ **"ဖြောင့်မတ်တည်ကြည်သော အနာဂတ် ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက် လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ (Uniting with Youth against Corruption: Shaping Tomorrow's Integrity)"** ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် မိမိတို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ၂၀၂၂ ခုနှစ်က စတင်ဆောင်ရွက်နေသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လူငယ် အသိပညာပေး အစီအစဉ်နှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာရေးနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၏ ဦးတည်ရည်မှန်းချက်များနှင့် တူညီနေကြောင်း၊ ကော်မရှင်၏ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိနေသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

အဂတိ လိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုး အကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေကြောင်း၊ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ လက်တွေ့တွင်လည်း အဆိုပါအယူအဆ မှန်ကန်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**အမြစ်တွယ်လာနေ**

အဂတိလိုက်စားမှု ပြဿနာသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့နေသည့် ရောဂါဆိုးတစ်ခုဖြစ်နေကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရပိုင်းများသာမက ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းမဟုတ်သည့် အချို့ကုသိုလ်ဖြစ် လူ့ဒါန်းရေးအဖွဲ့များတွင်ပါ အမြစ်တွယ်လာနေသည့် ပြဿနာတစ်ခုဖြစ်ကြောင်း။

အဂတိလိုက်စားမှုဆိုသည်ကို သာမန်အားဖြင့် လာဘ်ပေး လာဘ်ယူမှုလောက်သာ ထင်မှတ်ကြသော်လည်း အမှန်တကယ်မှာ လူ့ဘောင်လောကတွင် ကျယ်ပြန့်နက်ရှိုင်းသည့် မကောင်းမှုကြီးဖြစ်ကြောင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်း ငွေကြေးများကို ကိုယ်ကျိုးအတွက် မသင့်မလျော်သုံးစွဲခြင်း၊ မလျော်သြဇာသုံးပြီး ကိုယ်ကျိုးအတ္တကို ရယူခြင်းစသည်များသည် အဂတိလိုက်စားမှုများပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အားပေးခြင်းများ ဖြစ်ပေါ်လာစေကြောင်း၊ ထို့အပြင် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို ထိခိုက်စေခြင်းတို့ကို ဖြစ်စေခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးတစ်ခု၊ ရောဂါဆိုးကြီးတစ်ခုဟု ဆိုနိုင်ကြောင်း။ *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ **အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နှင့်အများပြည်သူကို ထိခိုက်စေ**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်စည်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရ ဒေါ်နှိုင်းယွန်းယုဉ်အား ဆုပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဒေါက်တာအိအိသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

**ကြိုးပမ်းအကောင်အထည်ဖော်**

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အဂတိလိုက်စားမှု လျော့နည်းကျဆင်းလာစေရေး၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်စေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် ရည်မှန်းချက်၊ ဦးတည်ချက်များ ချမှတ်ထားကြောင်း၊ နိုင်ငံတော်အတွက် စိတ်ရင်းစေတနာကောင်းကိုအရင်းခံပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

**သွန်သင်ပြသဆုံးမပေး**

ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး Edutainment အစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို ကျေနပ်အားရဖွယ် တွေ့ရှိရကြောင်း၊ မျိုးဆက်သစ် လူငယ်များကြားတွင် အဂတိလိုက်စားမှုကို မနှစ်သက်၊ ရက်ရွံ့ဆန့်ကျင်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူများတွင် ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာစသည့် စိတ်အညစ်အကြေးများကြောင့် အဂတိမှုကျူးလွန်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေရန်၊ စိတ်ထားဖြူစင်သန့်ရှင်းစေရန်အတွက် လူ့ဂုဏ်သိက္ခာနှင့် လူမှုကျင့်ဝတ်များကို သွန်သင်ပြသ ဆုံးမပေးကြရန် လိုအပ်ကြောင်း။

အဂတိလိုက်စားမှုနှင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် အတိအကျထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု ကျူးလွန်သူများကို တရားစွဲဆိုအရေးယူရုံသာမက အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို ဥပဒေနှင့်အညီ တိတိကျကျထိရောက်အောင် ဆောင်ရွက်ကြရန် လိုအပ်သည်ကို အသိပေးမှာကြားလိုကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်**

**"အဂတိပယ်ခွာ ပြည်သာယာ"**

ဆိုသည့် ကော်မရှင်၏ ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာစေရန် အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကိုပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက် သာယာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လေးလေးနက်နက် တိုက်တွန်းအပ်ကြောင်း။

မိမိတို့အစိုးရက ချမှတ်ထားသော **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကိုရှေးရှုပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ချမှတ်ထားသည့် ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် မူဝါဒများကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများ ကင်းရှင်းစေရန်အတွက် အားလုံးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားရင်း (၂၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ကြောင်း ပြောကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

**ဂါရဝပြုပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်အား စိုက်ပျိုးပေးစဉ်။

*❋ ရှေ့ဖုံးမှ*

ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်းပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်အား စိုက်ပျိုးပေးပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးခြင်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအား စတင်ကျင်းပရာ အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အလေးပြုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

ယင်းနောက် တေးသံရှင်ထူးအယ်လင်းက "ကျွန်ုပ်တို့ မြန်မာပြည်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေပြီး မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့တူရိယာများနှင့် ခေတ်မီဆန်းသစ်စွာ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ထားသည့် တေးသံသာနှင့်အတူ မီးအလှပြမှု(Lighting Show) ကို တင်ဆက်ပြသသည်။ ဆက်လက်၍ အခမ်းအနားအား အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ပြီး တစ်ချိန်တည်းတွင် မီးရှူး၊ မီးပန်းများပစ်ဖောက်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ "လှပချစ်စရာ တို့ရွှေမြန်မာ" တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်ကပြကြသည်။

**နိုင်ငံတော်အလံကို လွှင့်တင်**

ထို့နောက် နိုင်ငံတော်စစ်တီးဝိုင်းက ကွင်းအတွင်း နေရာယူပြီး အလံတော်အဖွဲ့ ဦးဆောင်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်နေရာယူကြကာ နိုင်ငံတော်အလံကို လွှင့်တင်၍ အလေးပြုကြသည်။

ယင်းနောက် မြန်မာ့အားကစားရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသို့ သယ်ဆောင်လာပြီး အလံကို လွှင့်တင်ကြသည်။

**ဦးတည်ချက်များ ချမှတ်ဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကိုအကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်ဆိုပါက နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက် (၉) ရပ်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့် အချက်ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့်

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်အလေးပြုစဉ်။




*စာမျက်နှာ ၅ မှ*

အမျိုးသားအားကစားပွဲတော်ကြီးကို **"နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစား လှုပ်ရှားမှုများမှာ ပါဝင်လှုပ်ရှားကစားလာစေရေး"** ဟူသည့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသ**

ထို့အပြင် ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးမှ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးပင်ဖြစ်ကြောင်း၊ ယခု အားကစားပြိုင်ပွဲကြီး ခမ်းနားထည်ဝါစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ပေးသည့် တာဝန်ရှိသူများ၊ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့က အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခု ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းလည်းဖြစ်ကြောင်း၊ အားကစားကို မြှင့်တင်ဆောင်ရွက်ခြင်းကို မွန်မြတ်သည့် လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက်အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီးဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ကြောင်း။

**အမြင့်မားဆုံးခံယူချက်ပင်ဖြစ်**

အားကစားယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန် အလွန်အရေးကြီးကြောင်း၊ လူတိုင်းဘဝတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံအရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့်စိတ်များနှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့် စိတ်မျိုးကို အားကစားစိတ်ဓာတ်က ရစေနိုင်ကြောင်း၊ ထို့ကြောင့်လည်း အားကစားနှင့် ပတ်သက်၍ ခံယူချက်အမျိုးမျိုးရှိသည့်အတွက် **"အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဟူသည့် အချက်သည် အမြင့်မားဆုံးခံယူချက်ပင်ဖြစ်ကြောင်း။

၁၉၉၂ ခုနှစ်က စတင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်အပါအဝင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များမှ အားကစားနည်းအလိုက် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ပေါင်းများစွာ ပေါ်ထွက်ခဲ့ကြောင်း၊ မြန်မာ့အားကစားသမိုင်းကို ကြည့်ပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်သည် မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့သည့် ကာလများဖြစ်သည်ကို တွေ့ရကြောင်း။

**တတ်စွမ်းသရွေ့ ထမ်းဆောင်လျက်ရှိနေ**

၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ် ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးအသင်းဆုကို ဆွတ်ခူးပိုင်ဆိုင်ခဲ့သည့် မှတ်တမ်းကောင်းများလည်းရှိခဲ့ကြောင်း၊ အဆိုပါ ရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီးများစွာ ရှိခဲ့သည့်အနက် ဗိုလ်ကြီးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးသန်းစိုး(ခ)ဆပ်သီး၊ ဦးနန္ဒကျော်စွာ၊ ဦးဘုန်းမြင့်၊ ဦးမြင့်အောင်၊ ဦးသန့်ဇင်၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်သန်းသန်း၊ ဒေါ်မာမာမင်း၊ ဒေါ်ခင်မူမူ၊ ဒေါ်နုနုရီ၊ ဗိုလ်မှူးမြင့်စိုး၊ ဒေါ်ကျင်လွမ်တို့ကဲ့သို့ ပုဂ္ဂိုလ်များသည် ယနေ့ထိတိုင် သက်ရှိထင်ရှားကျန်းမာစွာဖြင့် အားကစားလုပ်ငန်းများကို တတ်စွမ်းသရွေ့ ထမ်းဆောင်လျက်ရှိနေကြကြောင်း၊ ယင်းအတွက် များစွာဂုဏ်ယူပါကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

ခေတ်အဆက်ဆက်က မိမိတို့၏တိုင်းရင်းသားညီအစ်ကို နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြောင်း၊ မိမိတို့၏ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်ရောက်အောင် လွှင့်ထူစေနိုင်ခဲ့ပြီး တာဝန်ကျေပွန်ခဲ့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပြိုင်ပွဲများတွင် *စာမျက်နှာ ၇ သို့*





မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့တူရိယာများနှင့် ခေတ်မီဆန်းသစ်စွာ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ထားသည့် တေးသံသာနှင့်အတူ မီးအလှပြမှု(Lighting Show)ကို တင်ဆက်ပြသစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**◆ ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးကို "နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများမှာ ပါဝင်လှုပ်ရှားကစားလာစေရေး"ဟူသည့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြစ်**



*စာမျက်နှာ ၆ မှ*
မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို အလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်မှာကြားလိုကြောင်း။

လူငယ်များ၏ ပညာရေးနှင့်ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်အားကစားသမားများ ပေါ်ထွက်ရေးအတွက် လူထုအားကစား Mass Sports အဆင့်မှ Excellent Sports အဆင့်အထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသောကြောင့် ကျောင်းသားလူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်ပါဆောင်ရွက်နိုင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်တွင် နိုင်ငံ၏အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာနေပြီဖြစ်ကြောင်း၊ တိုးတက်အောင်မြင်မှုအထိုက်အလျောက်ရနေပြီလည်းဖြစ်ကြောင်း၊ အားလုံးကထိုအပေါ်တွင် ကျေနပ်မနေဘဲ ယခုထက် ပိုပြီးအောင်မြင်အောင်၊ အတိတ်ကကဲ့သို့ အောင်မြင်မှုမျိုးရရှိအောင်၊ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမားရပ်တည်နိုင်အောင် **"မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်"** ဟူသည့် ရည်မှန်းချက်အတိုင်း ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**ထိုက်ထိုက်တန်တန် တိုးမြှင့်**

မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဆုကြေးငွေအပါအဝင် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် လစဉ်ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအနေဖြင့်လည်း အောင်မြင်မှုရအောင်၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**ဝိုင်းဝန်းကူညီပေါင်းစပ်**

အားကစားကဏ္ဍ တိုးတက်အောင်မြင်ရေး ဆောင်ရွက်ရာတွင်လည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းအင်အားဖြင့် ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများရှိနိုင်ကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အားကစားနည်းအလိုက်အဖွဲ့ချုပ်များကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီ ပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

ပညာရေးနှင့် အားကစားကဏ္ဍ၏ ဆက်စပ်မှုကို ပြောရမည်ဆိုပါက နိုင်ငံ၏ ပညာရေးစနစ်သည် ကျောင်းသားဗဟိုပြုပညာရေးစနစ်ဖြစ်သည့်အတွက် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အားသာချက်တစ်ရပ်ကဲ့သို့ဖြစ်နေကြောင်း၊ ထို့ကြောင့် ကျောင်းစာသင်ချိန်များတွင် အားကစားချိန်ကို ထည့်သွင်းပေးထားပြီး အားကစားနည်းတစ်ခုခုကို မသင်မနေရသင်ကြားစေရေး ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်း၊ အားကစားကို အမှတ်ပေးစနစ်တွင် ထည့်သွင်းပေးခြင်း၊ အားကစားထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများသို့ တက်ရောက်နိုင်ရေး စီစဉ်ပေးခြင်းနှင့် အားကစားပညာသင်ဆုများ ချီးမြှင့်စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းသားလူငယ်တိုင်း အားကစားနည်းတစ်မျိုးမျိုးကို ပါဝင်ကစားစေရေး စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းနှင့် အားကစားပြက္ခဒိန်ရေးဆွဲပြီး အခြေခံပညာအဆင့်မှ ကောလိပ်၊ တက္ကသိုလ်အဆင့်ပြိုင်ပွဲများကို နှစ်စဉ် ကျင်းပဆောင်ရွက်ပေးနိုင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ သို့မှသာ အားကစားနှင့်ပညာရေး ပေါင်းစပ်လုပ်ငန်းများတွင် အဆင်ပြေချောမွေ့လာပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာမှုနှင့်အတူ မြန်မာ့အားကစား စဉ်ဆက်မပြတ်တိုးတက်ရေး (Sustainable Sports Development) ကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၈ သို့*





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် မီးရှူး၊ မီးပန်းများ ပစ်ဖောက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၇ မှ*

မိမိတို့ အိမ်နီးချင်းနိုင်ငံတချို့တွင် ကျောင်းသားလူငယ် အားကစားပွဲတော်များမှ ကမ္ဘာ့လူငယ်စံချိန်သာမက ကမ္ဘာ့စံချိန်တို့ကိုပါ ချိုးနိုင်ခဲ့သည့် လူငယ်လက်ရွေးစင်များ ပေါ်ထွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လာမည့်နှစ်များတွင် ကျောင်းသားနှင့်လူငယ် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများအပြင် အဆင့်မြင့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို အားကစားပြက္ခဒိန်တွင် ထည့်သွင်းရေးဆွဲပြီး မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲအတွက် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲအတွက် အားကစားနည်း ၆ မျိုးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ၄ မျိုးတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများနှင့် အသင်းများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်၊ စိတ်ဓာတ် စသည်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်အထိ ပြိုင်ပွဲဝင်ရန် ပြင်ဆင်လာခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမား လေးစားမြှင့်တင်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အနိုင်မခံအရှုံးမပေးယှဉ်ပြိုင်**

အားကစားပြိုင်ပွဲများ၏သဘောသဘာဝအတိုင်း ပြိုင်ဆိုင်မှု ပြင်းထန်လာသည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် အငြင်းအခုံများရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း အားကစားစိတ်ဓာတ်နှင့် အားကစားယဉ်ကျေးမှုကို မြင့်မြင့်ထားပြီး ဂုဏ်သိက္ခာရှိစွာ ယှဉ်ပြိုင်ကြရန်ပြောကြားလိုကြောင်း၊ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ မလျှော့သည့်ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အနိုင်ရပါက ရှုံးနိမ့်သူကို အားပေးရန်၊ မိမိရှုံးခဲ့ပါကလည်း အရှုံးကိုလက်ခံပြီး အနိုင်ရသူကို မုဒိတာပွားအားပေးရန်၊ ပြိုင်ပွဲအတွင်း ပြိုင်ဘက်ဖြစ်သူ ဘေးဒုက္ခ တစ်စုံတစ်ရာဖြစ်လာပါကလည်း ကူညီခြင်းဖြင့် အားကစားယဉ်ကျေးမှုကို မြှင့်တင်ကြရန် မှာကြားလိုကြောင်း။

တာဝန်ရှိသူများအနေဖြင့်လည်း ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာသည့် အရည်အသွေးမြင့် အားကစားသမားများကို စနစ်တကျ စခန်းသွင်းလေ့ကျင့်ပေးပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများဖြစ်လာအောင် လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း။

အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ထို့ကြောင့် အားကစားသမားမောင်မယ်များအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင် ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုအားကစားပွဲတော်မှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအဖြစ်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား များစွာပေါ်ထွက်မည်ဟု ယုံကြည်မျှော်လင့်ရင်း ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

**မီးရှူးမီးပန်းများပစ်ဖောက်**

မိန့်ခွန်းပြောကြားပြီးသည်နှင့် တစ်ပြိုင်နက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

**❖ မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်၊ ယခု ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ၁၀နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းလည်းဖြစ်၊ အားကစားကို မြှင့်တင်ဆောင်ရွက်ခြင်းကို မွန်မြတ်သည့် လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက်အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီး ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကိုအကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်**

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများက လက်ဆင့်ကမ်းသယ်ဆောင်၍ အထူးတန်းပွဲကြည့်စင်ရှေ့ စင်မြင့်ပေါ်ရှိ မီးရှူးတိုင်တွင် မီးထွန်းညှိကြသည်။ ထိုသို့ မီးထွန်းညှိလိုက်သည်နှင့်တစ်ပြိုင်တည်း ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၏ အရှေ့တောင်ထောင့် အပေါ်ဆုံးတွင်ရှိသည့် ပင်မအထိမ်းအမှတ် မီးရှူးတိုင်သည်လည်း မီးထွန်းညှိပြီးဖြစ်သည်။

ဆက်လက်၍ အားကစားသမားများနှင့် ဒိုင်လူကြီးများကိုယ်စား အားကစားသမားတစ်ဦးနှင့် ဒိုင်လူကြီးတစ်ဦးတို့က အားကစားသစ္စာခံဌာန်ကို ရွတ်ဆိုကြပြီး အလံတော်အဖွဲ့နှင့် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သည့် ခေတ် ၆ ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှု၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၊ နေပြည်တော်နည်းပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ကျောင်းသား ကျောင်းသူများက သရုပ်ပြဖျော်ဖြေမှုများ၊ တေးသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အနုပညာရှင်များအား တွေ့ရစဉ်။

**လက်ပြနှုတ်ဆက်**

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများအား လက်ပြနှုတ်ဆက်ခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများနှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် မေ ၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၂ နည်းဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်တွင် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၄ နည်းဖြင့်လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်တွင် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၉ နည်းဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ အားကစားနည်း ၂၇ နည်းဖြင့်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်း စုစုပေါင်း ၃၃ နည်းတို့ဖြင့် ဒီဇင်ဘာလအစောပိုင်းမှစတင်၍ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပလျက်ရှိပြီး မသန်စွမ်းအားကစားနည်းပြိုင်ပွဲများအား ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ကြောင်းနှင့် ဝန်ကြီးဌာနအဆင့် အားကစားနည်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်းများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား မြင်ကွင်း




အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ခေတ် ၆ ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ပျူခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။



အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သော ပုဂံခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို တွေ့ရစဉ်။





မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့မှ တင်ဆက်သည့် ခြင်းအလှခတ်သူများကို တွေ့ရစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဇော်ဂျီအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား မြင်ကွင်း



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ကျောင်းသား ကျောင်းသူများက သရုပ်ပြဖျော်ဖြေတင်ဆက်စဉ်။



အနုပညာရှင်များက လွှတ်တော်အဆောက်အဦပုံစံ သရုပ်ဖော်ထားသည်ကို တွေ့ရစဉ်။



အနုပညာရှင်များက ငြိမ်းချမ်းရေးချိုးဖြူများ ပျံသန်းဝင်ရောက်မှုပုံစံ သရုပ်ဖော်ထားသည်ကို တွေ့ရစဉ်။

အနုပညာရှင်များက မြန်မာ့ရိုးရာ ကနုတ်ပန်းအခြေခံပုံစံ သရုပ်ဖော်ထားသည်ကို တွေ့ရစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ "အလှအပချစ်စရာ တို့ရွှေမြန်မာ" တေးသီချင်းဖြင့် ကပြတင်ဆက်မှုကို တွေ့ရစဉ်။



# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား မြင်ကွင်း







လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြစဉ်။



အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက လက်ဆင့်ကမ်းသယ်ဆောင်စဉ်။





မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့မှ တင်ဆက်သည့် ခြင်းအလှခတ်သူများကို တွေ့ရစဉ်။



မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ဆပ်ကပ်ပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။







ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက် နေရာယူကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား မြင်ကွင်း




ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များကို တွေ့ရစဉ်။




ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် မီးအလှပြမှု(Lighting Show) တင်ဆက်ပြသမှုကို တွေ့ရစဉ်။



ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို တွေ့ရစဉ်။



မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဒီဇင်ဘာ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

### ကြည့်ရှုလေ့လာ

ထိုသို့ ဖူးမြော်ကြည်ညိုစဉ် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်၊ သာသနိကအဆောက်အဦများ၊ ဗုဒ္ဓပြတိုက်နှင့် ဓာတ်ပုံပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး စေတီတော်ဥဩ့ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက်၌ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်း ပြခန်းများအပါအဝင် မြန်မာ့သမိုင်းဆိုင်ရာပြခန်းများကို စိတ်ဝင်တစားလေ့လာကြပြီး မြို့တော်ခန်းမ၊ ဝန်ကြီးများရုံး၊ ကန်တော်ကြီးနှင့် ကရဝိတ်စသည့် ရန်ကုန်မြို့၏ အထင်ကရနေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြကာ မြန်မာ့ကျောက်မျက် ပြတိုက်အရောင်းဆိုင်များကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

### သွားရောက်ဖူးမြော်

မွန်းလွဲပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးH.E.Mr. Iskander Azizov ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယက ဘုရားခန်း၌ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လာရောက်ဖူးမြော်ကြည်ညိုစဉ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရုရှားနိုင်ငံသည် ရှေးယခင်ကတည်းက ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ ထွန်းကားခဲ့ပြီး ယခုလည်း ထွန်းကားဆဲဖြစ်သည်ကို သိမြင်ရပါကြောင်း၊ ဘက်ပေါင်းစုံ အစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံနှင့် ယဉ်ကျေးမှုနှင့်လူမှုရေးရာ အဖြာဖြာတွင် ကူးလူးဆက်ဆံနေသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရှေးယခင်ကတည်းကပင် သံတမန်ဆက်ဆံရေးရှိခဲ့ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပိုမိုကောင်းမွန်သည့် သံတမန်ဆက်ဆံရေးများကြောင့် အားတက်ဝမ်းမြောက်ရပါကြောင်း၊ ရုရှားနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ၏ အထွတ်အမြတ်ထားရာ ရုပ်ပွားစေတီတော်များအား တည်ထားကိုးကွယ်ခွင့်ပြုသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို အားရဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက် ပဋိသန္ထာရကထာ မိန့်ကြားတော်မူသည်။

### ဆွေးနွေးလျှောက်ထား

ထို့နောက် Kalmykia ပြည်နယ်အကြီးအကဲက မိမိတို့ပြည်နယ်သည် ဗုဒ္ဓဘာသာပြန့်ပွားရေး ဆောင်ရွက်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာ ထွန်းကားပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးအား ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ဗုဒ္ဓဘာသာဖိုရမ်သို့ ပင့်ဖိတ်လိုပါကြောင်း၊ မိမိတို့ ပြည်နယ်တွင် မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာပြန့်ပွားရေးကို ဆောင်ရွက်နိုင်ရန် ယုံကြည်ပါကြောင်း၊ ဗုဒ္ဓဘာသာထွန်းကားရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးလျှောက်ထားသည်။

### ဓမ္မပဏ္ဏာအဖြစ်ပေးအပ်

ဆက်လက်၍ Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့ ဆရာတော်ကြီးများအား ဓမ္မပဏ္ဏာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှုခင်းပုံကျောက်စီပန်းချီကားကို ဓမ္မပဏ္ဏာအဖြစ် ပေးအပ်သည်။

ညပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှုခင်းပုံကျောက်စီပန်းချီကားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov အား ဓမ္မပဏ္ဏာအဖြစ် ပေးအပ်စဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်အား လှည့်လည်ကြည့်ရှုစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရတနာပုံခေတ်ပြခန်းအား သွားရောက်ကြည့်ရှုလေ့လာစဉ်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲ

**ညောင်တုန်း ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစိုးအောင်က အမှာစကားပြောကြားပြီး မြို့မစခန်းမှူး ဒုတိယရဲမှူးက ကျား/မရေးရာ အကြမ်းဖက်မှု ကိစ္စရပ်များနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးစိုင်းခွန်ဆမ်က အမျိုးသမီးများအား အကြမ်းဖက်မှုများအပေါ် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သွယ်သွယ်စိုးက အကြမ်းဖက်ခြင်းခံရသည့် အမျိုးသမီးများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် လိပ်စာနှင့် ဖုန်းနံပါတ်များကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

# နိုင်ငံတော်အဆင့် အခုလို အားကစားပွဲတော်ကြီးကို တစ်နှစ်တစ်ကြိမ် ကျင်းပပေးမယ်ဆိုရင် နိုင်ငံအဆင့် လက်ရွေးစင်ကစားသမားတွေ ပေါ်ထွက်လာပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေ များစွာဆွတ်ခူးပေးနိုင်ကာ နိုင်ငံတော်ရဲ့ဂုဏ်ကိုလည်း ဆောင်နိုင်မယ်လို့ မြင်ပါတယ်

**မောင်ဇော်လင်းထွန်း**


ဦးအေးကိုကို


မောင်မျိုးမင်းနိုင်


မောင်ဇော်လင်းထွန်း


ဦးကိုကိုမောင်


ကိုအောင်မြင့်ဒွေး


မစုထက်ဝေလွင်

နေပြည်တော် ဒီဇင်ဘာ ၉

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကြီးကို ယနေ့ကျင်းပခဲ့ပြီး ပွဲစဉ်အသီးသီး အားကစားယှဉ်ပြိုင်မှုများကိုလည်း ပြုလုပ်နေကြပြီဖြစ်ပါသည်။ ယင်းတို့အနက်မှ အားကစားအဖွဲ့ အုပ်ချုပ်သူများ၊ အခမ်းအနားတွင် အားဖြည့်ပါဝင်ကြသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများအား မြန်မာ့အလင်းသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းဖြစ်သမျှ ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**ဦးအေးကိုကို (ခရိုင်အားကစားမှူး)**
**စစ်ကိုင်းတိုင်းဒေသကြီး၊ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲအုပ်ချုပ်သူ**

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးက နှစ်ယောက်တွဲမှာ ရွှေရတဲ့အတွက် အတိုင်းထက်လွန် ဝမ်းသာရပါတယ်။ ပိုက်ကျော်ခြင်းဆိုတာ ကျွန်တော်တို့ စစ်ကိုင်းတိုင်းရဲ့ အဓိကကစားနည်းဖြစ်ပြီး ရွှေစပြီးရတဲ့အတွက် အများကြီး ဝမ်းသာဂုဏ်ယူပါတယ်။ ပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် သုံးလကြာ စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့ အား/ကာဦးစီးဌာနနဲ့ အခြားဌာနတွေ ပူးပေါင်းပြီး ပြိုင်ပွဲကြီးမှာ အောင်မြင်မှုတွေရရှိအောင် ကူညီပံ့ပိုးကြပါတယ်။ ကျွန်တော်တို့ ပိုက်ကျော်ခြင်းအဖွဲ့က ပြိုင်ပွဲအတန်းအသီးသီးရဲ့ ချန်ပီယံဆုရဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကစားသမားတွေကလည်း ကြိုးစားပြီး လေ့ကျင့်ထားခဲ့ကြပါတယ်။

**မောင်မျိုးမင်းနိုင်(ချင်းပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**
**ကြက်တောင်အဖွဲ့လိုက်ပြိုင်ပွဲ**

ကျွန်တော်က ကြက်တောင်အုပ်စုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ တိုင်းနဲ့ ပြည်နယ်တွေ အလိုက်ပြိုင်ပွဲတွေရှိပေမယ့် အခုက နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲကြီးဆိုတော့ ပိုကောင်းပါတယ်။ နိုင်ငံတော်အဆင့် ပြိုင်ပွဲဖြစ်တဲ့အလျောက် ကျွန်တော်တို့ အားကစားသမားတွေအဖို့ ပိုပြီး ယှဉ်ပြိုင်စိတ်လည်း ဖြစ်စေတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ကြက်တောင်အားကစားကိုလည်း ပိုပြီး ဖွံ့ဖြိုးစေချင်တယ်။ လူငယ်တွေ အာရုံစိုက်စေချင်တယ်။ လေ့လာလိုက်စားစေချင်တယ်။ အားကစားကို လိုက်စားပြီး ထူးချွန်တဲ့လူငယ်တွေအနေနဲ့ အိုလံပစ် ပြိုင်ပွဲတွေ ဝင်ပြိုင်ခွင့်ရမယ်ဆိုရင် ကိုယ့်ရဲ့ နိုင်ငံရဲ့ ဂုဏ်ကို မြှင့်တင်ရာလည်း ရောက်ပါတယ်။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမယ်ဆိုတဲ့အတိုင်း ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

**မောင်ဇော်လင်းထွန်း**
**(ကယားပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**
**သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**

အားကစားတစ်ခုကို စိတ်ပါဝင်စားစွာ နည်းစနစ်ကျကျ လေ့ကျင့်မယ်၊ ကြိုးစားမယ်ဆိုရင် ထူးချွန်တဲ့သူ၊ အောင်မြင်တဲ့သူတစ်ယောက် ဖြစ်လာမှာပါ။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အထိ ၂၀၂၀ ပြည့်နှစ်ကတည်းက ယှဉ်ပြိုင်ခဲ့ပါတယ်။ နိုင်ငံတော်အဆင့် အခုလို အားကစားပွဲတော်ကြီးကို တစ်နှစ်တစ်ကြိမ် ကျင်းပပေးမယ်ဆိုရင် နိုင်ငံအဆင့် လက်ရွေးစင်ကစားသမားတွေ ပေါ်ထွက်လာပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေ များစွာ ဆွတ်ခူးပေးနိုင်ကာ နိုင်ငံတော်ရဲ့ဂုဏ်ကိုလည်း ဆောင်နိုင်မယ်လို့ မြင်ပါတယ်။


ဒေါ်ခင်နှင်းယု


မသက်မွန်ဖူး


မယွန်းပြည့်မှူးအောင်

**ဦးကိုကိုမောင် (ကယားပြည်နယ်)**
**ပိုက်ကျော်ခြင်းနည်းပြဆရာ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကယားပြည်နယ်ကိုယ်စားပြု ခြင်းလုံးပြိုင်ပွဲမှာ အားကစားသမား ၁၁ ဦးနဲ့ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ အားကစားသမားတွေကို နေပြည်တော်မှာ တစ်လကြိုလာပြီး ပြင်ဆင်လေ့ကျင့်ပေးပါတယ်။ အားကစားစိတ်ဓာတ်ကနေ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေ အလိုလိုမွေးဖွားလာမယ်။ ခွင့်လွှတ်တတ်တဲ့စိတ်တွေ၊ ပူးပေါင်းဆောင်ရွက်တတ်တဲ့ စိတ်တွေ ထွက်ပေါ်လာမယ်။ ဒါကြောင့် အားကစားကနေ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေးစတဲ့ အကျိုးစီးပွားတွေကိုပါ ဖြည့်တင်းနိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့ အခုလို အားကစားပွဲကြီးတွေ ကျင်းပပေးတဲ့အခါ အမျိုးသား၊ အမျိုးသမီး အသက်အပိုင်းအခြားအလိုက် သတ်သတ်မှတ်မှတ်နဲ့ လူငယ်အားကစားသမားတွေ ပေါ်ထွက်လာအောင် နှစ်စဉ်ကျင်းပပေးပြီး မျိုးဆက်သစ်လူတွေ မွေးထုတ်ပေးနေမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အရှေ့တောင်အာရှနိုင်ငံတွေလောက်ကို ကောင်းကောင်း ကျော်တက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ကိုအောင်မြင့်ဒွေး(မွန်ပြည်နယ်)**
**မသန်စွမ်းပြေးခုန်ပစ်(အမျိုးသား မီတာ ၂၀၀ အပြေး) ပြိုင်ပွဲ**

အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲမှာ ပထမဆု ရွှေတံဆိပ်ရရှိထားပါတယ်။ ကျွန်တော်တို့ အခုပြိုင်ပွဲဝင်တွေ တော်တော်များများက ထိုင်းနိုင်ငံမှာ ကျင်းပမယ့် ပါရာဂိမ်းမှာ ပြိုင်ပွဲဝင်ဖို့အတွက် စခန်းသွင်းလေ့ကျင့်နေကြတဲ့ ကစားသမားတွေ များပါတယ်။ အားလုံးပေါင်း လေ့ကျင့်ချိန်ကတော့ ရှစ်လလောက်ရှိနေပါပြီ။ အရင်တုန်းကလည်း ပြိုင်ပွဲအတွေ့အကြုံ တော်တော်များများရှိတယ်။ အခုလို ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲမှာ မသန်စွမ်းအားကစားနည်းတွေ ထည့်သွင်းကျင်းပပေးတဲ့အတွက် ပီတိဖြစ်ရပါတယ်။ မသန်စွမ်းဖြစ်ပြီးမှ ပြိုင်ပွဲတွေ ဝင်ပြိုင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ အားကစားသမားသက်တမ်း ၁၂ နှစ်လောက်ရှိပါပြီ။ ဆုတွေကတော့ ပြည်ပပွဲတွေမှာ ငွေနှစ်ဆု၊ ကြေးသုံးဆု ရထားပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေမှာတော့ ရွှေတံဆိပ်ဆုတွေ အများကြီးရထားပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ မသန်စွမ်းတွေ ဘာတွေလုပ်နိုင်လဲ၊ ဒီလိုမျိုး အားကစားနည်းတွေကို လေ့လာပြီးတော့ မသန်စွမ်းပွဲတွေမှာ ယှဉ်ပြိုင်စေချင်တယ်။ ဖိတ်ခေါ်ပါတယ်။

**မစုထက်ဝေလွင်(ဖွင့်ပွဲဖျော်ဖြေရေးအဖွဲ့)**
**အထက- ၁၁ နေပြည်တော်**

ကျွန်မက သာယာလှပ ချစ်စရာဒို့မြန်မာပြည် သီချင်းနဲ့ ဖွင့်ပွဲအခမ်းအနားမှာ ကပြဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းက ကျောင်းသူ ၆၄ ဦးပါဝင်ပြီး အခြားကျောင်းတွေလည်း အများကြီး ပါဝင်ကြပါတယ်။ အားလုံးအကအဖွဲ့မှာ စုစုပေါင်း ၃၂၀ ပါပါတယ်။ အကအတွက် နှစ်လလောက် ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ အခုလို အမျိုးသားအားကစားပွဲတော်ကြီးမှာ တစ်တပ်တစ်အား ပါဝင်ခွင့်ရလို့ အထူးပျော်ရွှင်ရပါတယ်။ အားကစားသမားတွေကို အားကျမိတယ်။ ကျွန်မတို့ အခြေခံပညာကျောင်းတွေမှာလည်း အခုနောက်ပိုင်းမှာ အားကစားကို ဘာသာရပ်တစ်ခုအနေနဲ့ သေသေချာချာ သင်ကြားပေးပါတယ်။ အဲဒီအတွက် အားကစားနဲ့ ပိုပြီးရင်းနှီးလာရပါတယ်။ ဒါကြောင့်မို့လို့ အခြေခံပညာကျောင်းတွေမှာလည်း ကျောင်းသား ကျောင်းသူတွေ စိတ်ပါဝင်စားမယ့် အားကစားနည်း သုံး၊လေးမျိုးလောက်ကို ဆရာတွေနဲ့ စနစ်တကျ အခြေခံကနေ သင်ကြားပေးနိုင်မယ်ဆိုရင် ကျွန်မတို့လည်း နောက်နှစ်အနည်းငယ်အတွင်းမှာ အခုလို အမျိုးသားအားကစားပြိုင်ပွဲကြီးတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်မယ်လို့ ထင်ပါတယ်။

**ဒေါ်ခင်နှင်းယု**
**ပြန်ကြားရေးဝန်ကြီးဌာန**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျွန်မတို့ ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းက ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုဝင်တွေအားလုံးပေါင်း အင်အား ၁၀၀ ကျော် တက်ရောက်အားပေးပါတယ်။ ဝန်ကြီးဌာနတစ်ခုလုံး ၇၀၀ လောက် တက်ရောက်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကြီးကို ပထမဆုံးအကြိမ် တက်ရောက်ဖူးတာပါ။ အခုလိုမျိုး အားကစားပွဲတော်ကြီးတွေ ခမ်းခမ်းနားနား ကျင်းပပေးတဲ့အတွက်ကြောင့် လူငယ်တွေအနေနဲ့ လူမှုကွန်ရက်ပေါ်မှာပဲ အချိန်ကုန်မနေဘဲနဲ့ အားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ကိုယ်ကာယကျန်းမာကြံ့ခိုင်ဖို့အတွက်လည်း ကောင်းသလို၊ အားကစားကိုလည်း လူငယ်တွေ ပိုပြီးစိတ်ဝင်စားလာမယ်လို့ ထင်ပါတယ်။ ကိုယ့်ရဲ့ သားသမီးတွေကိုလည်း အားကစားနဲ့ ပတ်သက်ပြီး သူတို့ကျောင်းမှာလည်း အားကစားပြိုင်ပွဲတွေလုပ်တော့ အမြဲတမ်းအားပေးပါတယ်။ အားကစားပြိုင်ပွဲတွေ ကျင်းပပေးတာကလည်း မျိုးဆက်သစ် လက်ရွေးစင်ကစားသမားတွေ၊ ရွက်ပုန်းသီး အားကစားသမားတွေလည်း ပေါ်ထွက်လာနိုင်တယ်။ အဲဒီလို နိုင်ငံ့ဂုဏ်ဆောင်မယ့် အားကစားသမားကောင်းတွေလည်း ဒီလိုမျိုးပြိုင်ပွဲကြီးကနေ အများကြီး ပေါ်ထွက်လာစေချင်ပါတယ်။

**မသက်မွန်ဖူး(ကျောင်းသူ)**
**အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)**

သမီးက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကနေ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) မှာ ဘောလုံးမေဂျာနဲ့ ကျောင်းတက်နေတာပါ။ အမျိုးသားအားကစားပွဲတော်ကြီးမှာ မိန်းကလေး ၂၃ ယောက်၊ ယောကျာ်းလေးက ၄၂ ယောက် ပါဝင်တက်ရောက်နေပါတယ်။ ဘောလုံးပွဲမှာ သမီးအကြိုက်ဆုံးအသင်းကတော့ နေပြည်တော်နဲ့ ကယားပြည်နယ်အသင်းပါ။ သူတို့က ကစားကွက်တွေ တော်တော်ကောင်းတယ်။ အမျိုးသားအားကစားပွဲတော်ကို ပထမဆုံးအကြိမ် တက်ရောက်ဖူးတာပါ။ နိုဝင်ဘာ ၂၃ ရက်ကတည်းက ရောက်နေတာပါ။ သမီးတို့ကတော့ ပိတ်ပွဲမှာ ကပြဖျော်ဖြေရမှာပါ။ အခုလိုမျိုးပွဲတော်ကြီးမှာ သမီးတို့ တက်ရောက်ခွင့်ရတဲ့အတွက် ပျော်ပါတယ်။ အားကစားမှာ သမီးကတော့ လက်ရွေးစင်တစ်ယောက်ဖြစ်ဖို့အထိ မျှော်လင့်ထားတယ်။ အားကစားက ကိုယ်ထူးချွန်ရင် ထူးချွန်သလောက် အောင်မြင်နိုင်တဲ့အတွက် အစွမ်းကုန် ကြိုးစားသွားမှာပါ။

**မယွန်းပြည့်မှူးအောင်(ကျောင်းသူ)**

သမီးက အထက(ငန်းစပ်)ကပါ။ အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို သမီးတို့ကျောင်းက အားလုံးပေါင်း ၆၀ တက်ရောက်အားပေးကြတာပါ။ အားကစားကို သမီးတို့ကျောင်းမှာလည်း လုပ်ရတယ်။ သမီးက ခရစ်ကက်ကို စိတ်ဝင်စားတယ်။ သမီးကြီးလာရင် ခရစ်ကတ်ကစားသမားဖြစ်အောင် ကြိုးစားသွားမှာပါ။ ဒီလိုပွဲတော်ကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးတာမို့ ပျော်လည်းပျော်ပါတယ်။ နိုင်ငံတော်က ပြုလုပ်တဲ့ပွဲကြီးမို့ ဖွင့်ပွဲအခမ်းအနား အပြင်အဆင်တွေကိုကြည့်ပြီးလည်း သဘောကျမိပါတယ်။ အားကစားသမားတွေအတွက် ဂုဏ်လည်း ဂုဏ်ယူပါတယ်။ သူတို့ကိုကြည့်ပြီး သမီးတို့လို ကျောင်းသား ကျောင်းသူတွေက အားကျအတုယူကြမှာပါ။

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး၊ ဓာတ်ပုံ-ဟိန်းဇင်ထက်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံ- တရုတ် စင်တာအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၉

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ ညနေပိုင်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတက်ရောက်မည့် ပေကျင်းမြို့ အခြေစိုက် အာဆီယံ-တရုတ်စင်တာ(ASEAN China Centre-ACC)၏ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများကို တရုတ်နိုင်ငံသား ခရီးသည်များ ပိုမိုသိရှိလာရောက်လည်ပတ်ရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် တရုတ်ဘာသာစကားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်လာနိုင်ရေး၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် ဝန်ကြီးဌာနနှင့် အာဆီယံ-တရုတ်စင်တာတို့ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးနိုင်ရေး တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံ-တရုတ် စင်တာ အတွင်းရေးမှူးချုပ်နှင့် အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) နှင့် ဗီယက်နမ်နိုင်ငံ၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်း ညီလာခံတက်ရောက်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့မှ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျော်ဖုံးမှ*

ဆီးရီးယားအသင်းနှင့် ထပ်မံတွေ့ဆုံနေပြီး အိမ်ကွင်းတွင် သရေကျသော်လည်း အဝေးကွင်း၌ အရေးနိမ့်ခဲ့သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ခြောက်အုပ်စု ခွဲ၍ ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၂၄ သင်း ပါဝင်မည်ဖြစ်ပြီး အိမ်ရှင်ဆော်ဒီအာရေဗျအသင်းအပါအဝင် ၁၈ သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲပြီးကတည်းက ထွက်ပေါ်ပြီးဖြစ်သောကြောင့် ကျန်ခြောက်သင်းသာ တတိယအဆင့်ခြေစစ်ပွဲမှ ထွက်ပေါ်မည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

● *ကျော်ဖုံးမှ*

ချယ်ဆီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၃၁ မှတ်ဖြင့် ဦးဆောင်သူ လီဗာပူးအသင်းကို အနီးကပ် ဖိအားပေးနိုင်ခဲ့သည်။ အိမ်ရှင်စပါးအသင်းက ပွဲစဉ် (၁၅) အပြီး ရမှတ် ၂၀ သာ စုဆောင်းထားနိုင်သေးသည့်အတွက် အဆင့် (၄)အတွင်းဝင်ရေးအတွက် လာမည့်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည်ဖြစ်သည်။ **အောင်ဇော်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့တွင် အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံ၍ အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းအားပေး

**ရန်ကုန် ဒီဇင်ဘာ ၉**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံ၍**(ယာပုံ)** လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်စေရေး ရှင်းလင်းမှာကြားသည်။



### တွေ့ဆုံအားပေး

ထို့နောက် မြစိမ်းရောင်စက်မှုဇုန်ရှိ Charis Co.,Ltd. ပန်းပုစက်ရုံသို့ သွားရောက်ကာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံ၊ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမား အဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

မွန်းလွဲပိုင်းတွင် ရွှေပြည်သာစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ အလုပ်သမားရေးရာကိစ္စများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပြီး ဝါးတရာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သော GTIG HUBO Co.,Ltd.၊ Wellform Myanmar Co.,Ltd. နှင့် Sheng Mei Garnment Co.,Ltd. တို့သို့ ရောက်ရှိ၍ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများအား တွေ့ဆုံသည်။

### အချိန်မရွေးဆက်သွယ်နိုင်

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အလုပ်သမားရေးရာကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့များသို့ အချိန်မရွေးဆက်သွယ်နိုင်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများဆောင်ရန်၊ ရှောင်ရန် အချက်များကို သိရှိထားရန်လိုပြီး အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်သားများကို ကြီးကြပ်သူများက အထက်အောက်မျှတစွာ စီမံအုပ်ချုပ်ရန်နှင့် အလုပ်ရှင်၊ အလုပ်သမား နွေးထွေးသည့်ဆက်ဆံမှုသည် စက်ရုံ၊ အလုပ်ရုံ၏ပုံရိပ်ကို များစွာသက်ရောက်မှုရှိစေနိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အိမ်မဲမြို့နယ်၌ ကျန်းမာရေးစကားဝိုင်းကျင်းပ

**အိမ်မဲ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ အ.ထ.က ရွာသစ်၏ ပညာရတနာခန်းမ၌ မိခင်နှင့်ကလေးသေဆုံးမှုလျှော့ချရေး ကျန်းမာရေးစကားဝိုင်းကို နိုဝင်ဘာ ၈ ရက်က ကျင်းပသည်။

အဆိုပါစကားဝိုင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးကျော်အောင်က ဦးဆောင်သူအဖြစ် ပါဝင်ဆွေးနွေးခဲ့ပြီး အိမ်မဲမြို့နယ်အတွင်းရှိ မိခင်သေဆုံးမှု၊ ကလေးသေဆုံးမှုအခြေအနေများ၊ ရွာသစ်တိုက်နယ်ဆေးရုံမှ ဒေါက်တာမိုးသန့်စင်က ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်နှင့် ကလေးများအား စောင့်ရှောက်ပေးမှုများ၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ခင်အေးပြုံးက ကိုယ်ဝန်ဆောင်အန္တရာယ်လက္ခဏာများ၊ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင် ဒေါ်ငွေးမြင့်က ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီမှုများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငွေးငွေးလှိုင်က ပြည်သူများအား ကျန်းမာရေးအသိပညာ တိုးပွားစေရန်အတွက် အသိပညာများ ဖြန့်ဖြူးပေးခြင်းလုပ်ငန်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝင့်ဝါဝင်းထွဋ်က ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ပေးမှု အခြေအနေများကို ဆွေးနွေးသည်။ **ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)**



(၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ ဂုဏ်ပြုဆောင်းပါး

# မှန်ကန်သည့် လူ့အခွင့်အရေးအခြေပြု ဆောင်ရွက်ချက်နည်းလမ်းများဖြင့် ငြိမ်းချမ်းသာယာသည့်အနာဂတ်ကို တည်ဆောက်နိုင်ကြပါစေ

ဒေါက်တာခိုင်ခိုင်ဝင်း

**လူသားအားလုံးအတွက် အခြေခံလူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့်များ ပါဝင်ထည့်သွင်းရေးဆွဲထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights–UDHR) ကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မဲခွဲဆုံးဖြတ်မှုရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။**

အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ကို အတည်ပြုခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ (International Human Rights Day) အဖြစ် သတ်မှတ်ခဲ့ကြပြီး ကမ္ဘာတစ်ဝန်းလုံးတွင် လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ပုံစံအမျိုးမျိုးဖြင့် ကျင်းပလာခဲ့ကြသည်မှာ ယခု ၂၀၂၄ ခုနှစ်တွင် (၇၆) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

**ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း**

အပိုဒ်ပေါင်း ၃၀ ပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် ကြေညာစာတမ်းဖြစ်သည့်အတွက် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးစံသတ်မှတ်ချက်များကို ကိုးကားရေးဆွဲလေ့ရှိကြသလို လူ့အခွင့်အရေးစာချုပ်စာတမ်းများ ၆၀ ကျော်တွင်လည်း ကိုးကားထည့်သွင်းရေးဆွဲထားကြပြီး လူ့အခွင့်အရေးအတွက် လှုံ့ဆော်ပံ့ပိုးလျက်ရှိသည်လည်း ဖြစ်ပါသည်။

လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး စံထားရသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် ကမ္ဘာပေါ်တွင် ဘာသာပြန်ဆိုမှု အများဆုံးအဖြစ် စံချိန်တင်ထားသည့် ကြေညာစာတမ်းကြီးဖြစ်ပြီး ယနေ့အချိန်ထိ ဘာသာပြန်ဆိုမှုပေါင်း ၅၇၇ ဘာသာရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး, OHCHR website တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ၂၀၁၃ ခုနှစ်ကပင် ဘာသာပြန်ဆို၍ ယနေ့အချိန်အထိ တိုင်းရင်းသားဘာသာဖြင့် ဘာသာပြန်မှုစုစုပေါင်း ၃၀ ပြန်ဆိုခဲ့ပြီး သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးပို့ခဲ့ပြီးဖြစ်သည်ဟု သိရှိရပါသည်။ ယင်းအပြင် သတင်းအချက်အလက်နှင့် လူ့အခွင့်အရေးပညာပေးခြင်းများသည် မသန်စွမ်းသူများအတွက်လည်း အကျိုးဝင်သည်ဖြစ်ရာ အမြင်အာရုံချို့တဲ့သူများအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတို့ပူးပေါင်းမှုဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို Braille format ဖြင့် ထုတ်ပြန်ဖြန့်ဝေပြီးဖြစ်ပါသည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပေါ်ထွက်လာပြီး ၇၆ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး မှန်ကန်စွာ သိရှိနားလည် ကျင့်သုံးနိုင်ရေးအတွက် လူ့အခွင့်အရေး အသိပညာပေးခြင်း အစီအစဉ်များကို ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နေကြရဆဲဖြစ်ပါသည်။ အသိပညာပေးခြင်းများတွင် ကျား၊ မ မရွေး၊ လူတန်းစားမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး၊ သန်စွမ်းခြင်းရှိ မရှိ မရွေး၊ အသက်အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး လူ့အခွင့်အရေးများ တန်းတူညီမျှခံစားရရှိနိုင်ရေး၊ လူ့အခွင့်အရေးများ ချိုးဖောက်မခံရရေး၊ လူ့အခွင့်အရေးများကို လေးစားတန်ဖိုးထားတတ်စေခြင်း၊ လူ့အခွင့်အရေးနှင့် တာဝန်ဆက်စပ်နေမှုနှင့် တာဝန်ရှိမှုတို့ကို သိရှိနိုင်ရေးတို့အတွက် လူ့အခွင့်အရေး အသိပညာပေး ဆောင်ရွက်ချက်များကို ကမ္ဘာ့နိုင်ငံများရှိ လူ့အခွင့်အရေးကော်မရှင်ကဲ့သို့သော အဖွဲ့အစည်းများအပါအဝင် အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအတွက် ဆောင်ရွက်လှုပ်ရှားသူများမှ ပုံစံအမျိုးမျိုးဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြဆဲဖြစ်ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် (၅၇/၁၀) ဖြင့် "World program for Human Rights Education, Fifth Phase (2025–2029)" ကို ချမှတ်ခဲ့ပြီး အဓိကနယ်ပယ်များအဖြစ် Digital technologies and human rights, gender equality, environment and climate change တို့ကို ရွေးချယ်ထားပါသည်။ ၂၀၂၄ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် အဆိုပါ "World program for Human Rights Education, Fifth Phase (2025–2029)"ကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

ရည်ရွယ်ချက်အားဖြင့် လူသားအားလုံးအတွက် လူ့အခွင့်အရေးသည် အရေးကြီးသည့်နေရာတွင် တည်ရှိနေပြီး လူ့အခွင့်အရေး အသိပညာပေးခြင်းများကို ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အတွင်း လူငယ်လူရွယ်များက ဦးဆောင်ကာ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

> ❖ **မှန်ကန်သည့် လူ့အခွင့်အရေးအခြေပြု နည်းလမ်းများဖြင့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် ငြိမ်းချမ်းရေးထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းကို အထောက်အကူဖြစ်စေပြီး လူ့အခွင့်အရေး အပြည့်အဝခံစားခွင့်ရရှိရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရေးသည် မရှိမဖြစ် လိုအပ်သည့်အရာဖြစ်**
>
> ❖ **ငြိမ်းချမ်းရေးအတွက် လူ့အခွင့်အရေးသည် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်သလို လူ့အခွင့်အရေးများခံစားရရှိဖို့ရာ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်နေရာတွင် တည်ရှိပါသည်။ ယနေ့ဖြစ်ပေါ်နေသည့် ကမ္ဘာတစ်ဝန်းရှိ စစ်ရေးပဋိပက္ခများနှင့် အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်ပါဝင် ဆက်နွှယ်နေမှုများသည် လူသားများ၏ လူ့အခွင့်အရေး ခံစားရရှိမှုအပေါ် ခြိမ်းခြောက်ခံရမှုနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသူများအတွက် များစွာရင်လေးစရာဖြစ်**

**တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်ခံနေရ**

လူ့အခွင့်အရေးဆိုသည် လူသားအားလုံးအတွက် အရေးကြီးသည်၊ နိုင်ငံအားလုံးအတွက် လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ပေးရန်၊ ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်ဟု (Respect၊ Protect၊ Fulfill) ဆိုထားခဲ့ပြီး စံထားရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ထုတ်ပြန်ပေးထားခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်ကြီးများ ပြဋ္ဌာန်းပေးထားခြင်း၊ နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review–UPR) ကဲ့သို့သော လူ့အခွင့်အရေးယန္တရားများ တည်ထောင်ပေးထားခြင်း အစရှိသည့် ဆောင်ရွက်ချက်များဖြင့် ဆောင်ရွက်နေသည့်တိုင် ယနေ့ကမ္ဘာကြီး၏အခြေအနေကို ကြည့်မည်ဆိုပါက ရင်မောစရာ အခြေအနေများဖြင့် လူသားများ၏ လူ့အခွင့်အရေးအခြေအနေများ ထိပါးချိုးဖောက်ခံရကာ ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်ခံနေရသည့် အခြေအနေဖြစ်သည်ကို တွေ့ရှိနေရပါသည်။

Global Peace Index 2024 အစီရင်ခံစာအရ ယနေ့အချိန်ကာလသည် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်း ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းပြီး ကမ္ဘာကြီးကို ခြိမ်းခြောက်မှု အရှိဆုံးကာလဖြစ်သည်ဟုဆိုထားသလို ၂၀၂၄ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် Global Financial Stability Report 2024, Global Risks Report 2024 များအရ ကမ္ဘာကြီးသည် အဘက်ဘက်တွင် ရင်လေးစရာအခြေအနေများနှင့် တည်ရှိနေပြီး ကမ္ဘာပေါ်ရှိ လူသားများ၏ မွေးရာပါအခွင့်အရေးများကို ခြိမ်းခြောက်နေသည်လည်း ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပဋိပက္ခများ၊ စစ်မက်များ ဖြစ်ပွားနေခြင်းများသည် လူသားများ အေးချမ်းစွာ နေထိုင်ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှု၊ အတားအဆီးနှင့် ဟန့်တားပိတ်ပင်မှုများ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် လူ့အဖွဲ့အစည်းဝင် လူသားတစ်ဦးချင်းအတွက် အဓိကအကျဆုံး အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံခွင့် စသည့် ငြိမ်းချမ်းရေးဆိုင်ရာ အခွင့်အရေး Right to Peace ကို လူသားတိုင်းခွဲခြားမှုမရှိဘဲ ရရှိခံစားနိုင်ခွင့်ရှိကြောင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် အတိအလင်း ဖော်ပြထားရှိပါသည်။

**လူ့အခွင့်အရေးအပြည့်အဝခံစားခွင့်ရရှိရေး**

မှန်ကန်သည့် လူ့အခွင့်အရေးအခြေပြု နည်းလမ်းများဖြင့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် ငြိမ်းချမ်းရေးထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းကို အထောက်အကူဖြစ်စေပြီး လူ့အခွင့်အရေး အပြည့်အဝခံစားခွင့်ရရှိရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရေးသည် မရှိမဖြစ် လိုအပ်သည့်အရာ ဖြစ်ပါသည်။

ငြိမ်းချမ်းရေးအတွက် လူ့အခွင့်အရေးသည် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်သလို လူ့အခွင့်အရေးများ ခံစားရရှိဖို့ရာ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်နေရာတွင် တည်ရှိပါသည်။ ယနေ့ဖြစ်ပေါ်နေသည့် ကမ္ဘာတစ်ဝန်းရှိ စစ်ရေးပဋိပက္ခများနှင့် အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်ပါဝင်ဆက်နွှယ်နေမှုများသည် လူသားများ၏ လူ့အခွင့်အရေး ခံစားရရှိမှုအပေါ် ခြိမ်းခြောက်ခံရမှုနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသူများအတွက် များစွာရင်လေးစရာဖြစ်ပါသည်။

ယခုနှစ်အတွက် ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဆောင်ပုဒ်မှာ **"Our Rights, Our Future, Right Now"** ဖြစ်ရာ လူသားတို့၏ အခွင့်အရေးများနှင့် အနာဂတ်ဆက်စပ်ပတ်သက်နေမှုကို မီးမောင်းထိုးပြထားပြီး ကမ္ဘာကြီး၏ အနာဂတ်သာယာလှပဖို့ရာ လူ့အခွင့်အရေး၏ စွမ်းအားကို ယုံကြည်လျက် မှန်မှန်ကန်ကန် အသုံးချဆောင်ရွက်သွားရန်နှင့် မှန်ကန်သည့် လူ့အခွင့်အရေးအခြေပြု ဆောင်ရွက်ချက်နည်းလမ်းများဖြင့် အဖြေရှာသည့် နည်းလမ်းအသုံးပြုကာ နိုင်ငံများတွင် ငြိမ်းချမ်းသာယာသည့် အနာဂတ်ကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် ဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။ ။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၂/ ၂၀၂၄)

၁။ လူသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ထည့်သွင်းဖော်ပြထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၇၆) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံခဲ့ရုံသာမက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေများတွင်လည်း ကြေညာစာတမ်းပါ လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်ကြီးများအနက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ် (၂) ခု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ချုပ်ဆိုထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း လူ့အခွင့်အရေးအသိပညာပေးဆွေးနွေးဟောပြောပွဲများနှင့် သင်ခန်းစာပို့ချမှုများ စုစုပေါင်း (၆၃) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း (၈၃၉၁) ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ပါသည်။ လူ့အခွင့်အရေးဖောက်ဖျက်ခံရသည်ဆိုသော တိုင်တန်းချက် (၂၁၄) စောင်ကို စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်/ အချုပ်ထောင် (၁၀) ခု၊ အကျဉ်းစခန်း (၁၂) ခု၊ ရဲစခန်းအချုပ်ခန်း (၁၈) ခု၊ တရားရုံးအချုပ်ခန်း (၁၅) ခု၊ ဘိုးဘွားရိပ်သာ (၁၀) ခု၊ အမျိုးသမီး သက်မွေးသင်တန်းကျောင်း (၃) ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၁) ကျောင်းနှင့် လူငယ်သင်တန်းကျောင်း (၅) ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ကာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုချက်ပေါင်း (၂၉၃) ချက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။ တည်ဆဲဥပဒေ၊ အဆိုပြုထားသော ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအကြံပြုစာ (၆) စောင်ပေးပို့ခြင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination against Women–CEDAW) နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ခြင်းနှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အစည်းအဝေးများသို့ (၂၈) ကြိမ် ပါဝင်တက်ရောက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အများပြည်သူသို့ သတင်းထုတ်ပြန်ချက် (၁၂) စောင်နှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု သတင်းဖော်ပြချက် (၁၀၃)ခုကို ထုတ်ပြန်ခဲ့ပါသည်။

၄။ ၂၀၂၄ ခုနှစ်တွင် ကျရောက်သော (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂကချမှတ်သည့် ဆောင်ပုဒ်မှာ **"ဒို့အခွင့်အရေး၊ ဒို့အနာဂတ်၊ ယခုကစလို့ဆောင်ကြဉ်းအပ်"** "Our Rights, Our Future, Right Now." ဖြစ်ပါသည်။

၅။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံးက လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရန် ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုလျက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်

## Asean Cup ပြိုင်ပွဲ အုပ်စု (B)အဖွင့်ပွဲတွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်အနိုင်ရပြီး မြန်မာအသင်း ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၂၄ Asean Cup ပြိုင်ပွဲ အုပ်စု (B) ပထမနေ့ကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်း အနိုင်ရပြီး မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။



မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အိမ်ကွင်း၌ အင်ဒိုနီးရှားအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း ဒုတိယပိုင်းတွင် မထင်မှတ်ဘဲပေးလိုက်ရသည့်ဂိုးကြောင့် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ပြည်ပကလပ် အသင်းအချို့က ကစားသမားများ မစေလွှတ်ခြင်း၊ ဒဏ်ရာရကစားသမားများ ရှိနေခြင်းတို့ကြောင့် မြန်မာအသင်းသည် လူမစုံဘဲ ယှဉ်ပြိုင်နေရခြင်းဖြစ်သည်။

မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် ဇင်ညီညီအောင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ သက်ဟိန်းစိုး၊ သီဟထက်အောင်၊ နန္ဒကျော်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ သီဟဇော်၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုခဲ့ပြီး မိနစ် ၃၀ အထိ တစ်ဖက်သတ်ဖိအားပေးနိုင်ခဲ့သည်။ လွင်မိုးအောင်၊ အောင်ကောင်းမာန်၊ သီဟဇော်၊ နန္ဒကျော်တို့၏ ကန်သွင်းချက်များ ဂိုးမဖြစ်ခဲ့သလို ဇော်ဝင်းသိန်း၏ ကန်ချက်မှာလည်း ဘားထိထွက်ခဲ့သည်။ မိနစ် ၃၀ နောက်ပိုင်းတွင် အင်ဒိုနီးရှားအသင်းက ပြန်ဖိကစားလာနိုင်ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသဖြင့် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲကာ ကစားအား မြှင့်တင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းလောက် အခွင့်အရေးမရဘဲ ၇၆ မိနစ်တွင် ဂိုးပေးလိုက်ရသည်။ အသင်းခေါင်းဆောင် အာဆာနာဝီ၏ ကန်သွင်းချက်ကို မြန်မာဂိုးသမား ဇင်ညီညီအောင် ကာကွယ်သော်လည်း ဂိုးဝင်သွားခြင်းဖြစ်သည်။

လာအိုနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက လာအိုအသင်းကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ-သော်လေး



## မြောင်းမြမြို့၌ ဆောင်းနေကြာ ငါးကေ စံပြစိုက်ခင်းမျိုးစေ့ချပွဲအခမ်းအနားကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြောင်းမြမြို့နယ်အသင်းစု၏ ဆောင်းနေကြာ စံပြစိုက်ခင်းမျိုးစေ့ချပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကွယ်လွယ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကွင်းအမှတ် ၂၀၆ (က) ဦးပိုင်အမှတ် ၇၀/၁ ၌ ရေဆင်းစပ်မျိုးနေကြာ - ၁ မျိုးစေ့ချခြင်းကို မြောင်းမြမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စုဒါရိုက်တာအဖွဲ့များ၊ သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ (မြောင်းမြ)**

## ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးကျွေးမွေးခြင်း အခမ်းအနားကျင်းပ

**ဒဂုံ ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ယနေ့နံနက် ၁၀နာရီကစတင်၍ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေး ကျွေးမွေးခြင်း အခမ်းအနား ကျင်းပသည်။

ကျောင်းတွင်းအာဟာရကျွေးမွေးမှုကို KG အတန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူ ၄၉၈ ဦးကို ကျွေးမွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား အာဟာရအုပ်စု သုံးအုပ်စုပြည့်စုံအောင် ကျွေးမွေးခဲ့ကြောင်းနှင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို (၅)ကြိမ် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ဥမ္မာထွေးက ပြောကြားခဲ့သည်။



ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းကို မြို့နယ်ကျန်းမာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ ဝိုင်းဝန်း ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့(ပြန်/ဆက်)

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## သိန္နီမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၉ ရက် မြန်မာစံတော်ချိန် ၀၃နာရီ၊ ၂၈ မိနစ်၊ ၀၃ စက္ကန့်အချိန်တွင် သီပေါမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သိန္နီမြို့၏ အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၈ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၀၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## သွားဘက်ဆိုင်ရာ ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအစီအစဉ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

သွားဘက်ဆိုင်ရာ ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေး အစီအစဉ်ဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန် "တုန္ဒိုင်းမမီ" ခန်းမ၌ကျင်းပရာ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ မှုခင်းဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဇော်ဇော်ဦးက "သိမှတ်ဖွယ်ရာ သွားဘက်ဆိုင်ရာ မှုခင်းဆေးပညာ" (Forensic Odontology) ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး သင်ကြားရေးဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

# ဘရာဇီးနိုင်ငံတောင်ပိုင်း၌ မုန်တိုင်းကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံး၊ နေအိမ် တစ်သိန်းနီးပါး ပျက်စီး

**ဆော်ပိုလို ဒီဇင်ဘာ ၉**

ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်ဒီ ဒိုဆူပြည်နယ်၌ လွန်ခဲ့သည့် ရက်သတ္တပတ်ကျော်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုကြောင့် လူ ၁၀၀ ကျော် သေဆုံးပြီး နေအိမ်တစ်သိန်းနီးပါး ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဆိုသည်။ ပြည်နယ်အတွင်း မြစ်ရေလျှံမှုနှင့် ရေကြီးမှုတို့ကြောင့် လူပေါင်း ၁ ဒသမ ၄၅ သန်းခန့် ထိခိုက်ခံစားရပြီး ဒေသခံ နှစ်သိန်းခန့်မှာ ဘေးလွတ်ရာ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကက်တာရီနာ ပြည်နယ်ရှိ မြို့ပေါင်း ၂၂ မြို့တွင် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ဘေးလွတ်ရာသို့ပြောင်းရွှေ့ခြင်းတို့ဖြစ်ပေါ်ခဲ့သည့်အတွက် ပြင်းထန်သည့် မုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားဆဲဖြစ်ကြောင်း နိုင်ငံ၏အရပ်ဘက်ကာကွယ်ရေး အာဏာပိုင်အဖွဲ့က ပြောသည်။

ဆန်တာ ကက်တာရီနာ ပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် ဂျိုအင်ဗဲလ်သည် ဒီဇင်ဘာ ၃ ရက်မှစတင်ကာ ရေကြီးမှုဒဏ်ကိုခံစားခဲ့ရပြီး ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းအထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ဒီယိုနီရှိုဆာခီရာမြို့သည် လွန်ခဲ့သည့် ၄၈ နာရီအတွင်း မိုးရေချိန် ၁၈၆ ဒသမ ၄ မီလီမီတာစံချိန်တင်ခဲ့ပြီး ဆိုးရွားသည့် မြေပြိုမှုအန္တရာယ် ဖြစ်ပေါ်နိုင်ခြေများလာကြောင်း အဆိုပါဌာနက ပြောသည်။

ဘရာဇီးနိုင်ငံ၌ မေလမှ ဇွန်လအတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် အိမ်နီးချင်း ရီယိုဂရန်ဒီဒိုဆူပြည်နယ်၌ ရေကြီးမှုဖြစ်ပွားသဖြင့် လူ ၁၈၃ ဦး သေဆုံးခဲ့ပြီး ယင်းဒေသ၏ ၉၀ ရာခိုင်နှုန်းကျော် ထိခိုက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်ဒီဒိုဆူပြည်နယ်၌ ဖြစ်ပွားခဲ့သော ရေကြီးမှုအတွင်း ကယ်ဆယ်ရေးသမားများက ရေဘေးသင့်သူများအား ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

## အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကြောင့် လူ ၁၀ ခန့်သေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၃ ရက်မှစကာ အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဆူကာဘူမိဒေသ၌ ဖြစ်ပွားခဲ့သည့် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကြောင့် လူ ၁၀ ခန့်သေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် လျှော့ပါးရေးဌာနက ဒီဇင်ဘာ ၉ ရက်က ပြောကြားလိုက်သည်။

ဆူကာဘူမိဒေသ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးဌာန ယာယီအကြီးအကဲ ဒီဒန်ဆန်ပီနာ၏ ပြောကြားချက်အရ ဒေသခွဲ ၄၀ ခန့်တွင် ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့ကြောင်းနှင့် မိသားစု ၉၀၀ ခန့် ယာယီနားခိုရာနေရာများကို ရှာဖွေခဲ့ကြောင်း သိရသည်။



တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပါဝင်သော ပူးတွဲကယ်ဆယ်ရေးအဖွဲ့ တစ်ဖွဲ့သည် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိပြီး ဆိုးရွားသော ရာသီဥတုကို အန်တုလျက်ပျောက်ဆုံးသူများကို ရှာဖွေလျက်ရှိသည်။

ဒီဇင်ဘာ ၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ရေပိုင်နက်အနီးအပူပိုင်းမုန်တိုင်းနှစ်ခု ဖြစ်ပေါ်နေသည်ကို လေ့လာတွေ့ရှိပြီးနောက် ရာသီဥတုနှင့်ဆိုင်သော သဘာဝဘေးဒုက္ခများ ဖြစ်ပေါ်လာနိုင်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဌာနက ပြောကြားလိုက်သည်။

အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် သက်ဆိုင်ရာပြည်နယ်အစိုးရကို တိုက်တွန်းပြောကြားထားသည်။

ဆင်ဟွာ

## နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ တိုက်ခန်းတွဲပြိုကျပြီး လူခြောက်ဦးသေဆုံး

**သည်ဟိတ် ဒီဇင်ဘာ ၉**

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ ဒီဇင်ဘာ ၇ ရက်က ဖြစ်ပွားခဲ့သော အင်အားပြင်းပေါက်ကွဲမှုတစ်ခုကြောင့် လူနေတိုက်ခန်းတွဲတစ်ခုတစ်ပိုင်းတစ်စပြိုကျခဲ့ရာ အဆိုပါ တိုက်ခန်းအပျက်အစီးများကြားမှ ခြောက်ဦးမြောက် အလောင်း တစ်လောင်းအား ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒတ်ချ်အရေးပေါ်ဌာနက ဒီဇင်ဘာ ၉ ရက်က ပြောကြားလိုက်သည်။

အဆောက်အအုံ ပေါက်ကွဲမှုနှင့် နောက်ဆက်တွဲမီးလောင်မှုကြောင့် ယခုအချိန်အထိ လူ ခြောက်ဦးသေဆုံးခဲ့ပြီး ဖြစ်သည်။ အရေးပေါ်အဖွဲ့သည် နောက်ထပ်သေဆုံးသူ ရှိ၊ မရှိ ထပ်မံရှာဖွေလျက်ရှိပြီး ကလေးတစ်ဦးအပါအဝင် သေဆုံးသူခြောက်ဦးအနက် လေးဦး၏ ရုပ်အလောင်းများအား ရဲတပ်ဖွဲ့က အတည်ပြုနိုင်ခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အချိန် ကြာမြင့်စွာဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် သေဆုံးသူ အတည်ပြုရေးလုပ်ငန်းစဉ်များမှာ ခက်ခဲကြန့်ကြာခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းရှာဖွေလျက်ရှိသည်။ ဒေသအာဏာပိုင်များက ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုစတင်ကြောင်း ကြေညာခဲ့သည်။ မယ်ရီယာဟုတ်ဖ်ဒေသ အရှေ့မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ယင်းပေါက်ကွဲမှုတစ်ခုကြောင့် လူနေတိုက်ခန်းတွဲပြိုကျပျက်စီးခဲ့ခြင်း ဖြစ်သည်။

ဆင်ဟွာ



## ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ကန်လာအွန်မီးတောင်ပေါက်ကွဲ

**မနီလာ ဒီဇင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ကန်လာအွန် မီးတောင်သည် ဒီဇင်ဘာ ၉ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပြာနှင့်ဓာတ်ငွေ့များ ကောင်းကင်ပေါ်သို့ လွှင့်စင်ခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့်ငလျင်ဌာနက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ကန်လာအွန်မီးတောင်ထိပ်ဝ၌ ဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့်ငလျင်ဌာနက ဆက်လက်ပြောကြားခဲ့ပြီး သတိပေးမှုများထုတ်ပြန်ခဲ့သည်။

မီးတောင်ထိပ်ဝမှ အမြင့်ပေမီတာ ၃၀၀၀အထိ ပြာနှင့်ဓာတ်ငွေ့များပန်းထွက်ခဲ့ပြီးနောက် အဆိုပါ ပြာနှင့် ဓာတ်ငွေ့များသည် အနောက်-နောက်တောင်ဘက်သို့ ဆက်လက် ပျံ့နှံ့သွားခဲ့ကြောင်း အင်စတီကျူးက ဆက်လက်ပြောကြားခဲ့သည်။

မီးတောင်နှင့် ပတ်သက်ပြီး သတိပေးအဆင့် သတ်မှတ်ချက်ငါးချက် ရှိသည့်အနက် အဆင့်သုံးအထိ သတ်မှတ်ထားသည်။

ဒေသခံ ရွာသူရွာသား ၂၀၀၀ ခန့်အား မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့် ခြောက်ကီလိုမီတာ အဝန်းအဝိုင်းအတွင်း ဝင်ရောက်ခြင်း မပြုရန်နှင့် ဘေးအန္တရာယ်ကင်းရာသို့ ရှောင်ရှားကြရန် တိုက်တွန်းထားသည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ကန်လာအွန် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

## ၂၀၂၄ ခုနှစ်အတွင်း မော်လ်ဒိုက်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၈၄ သန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကိုလံဘို ဒီဇင်ဘာ ၉**

မော်လ်ဒိုက်နိုင်ငံအစိုးရက မူးယစ်ဆေးဝါးရောင်းဝယ်မှုတိုက်ဖျက်ရန် ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမှုသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ခြောက်ဆပိုများကြောင်း နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှု မီဒီယာက ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၈၄ သန်းခန့်ရှိကြောင်း သမ္မတက မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ယခုနှစ် ယခုအချိန်အထိ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများနှင့် ဆက်နွယ်နေသူ ၁၅၀ ကျော်အား နယ်နှင်ဒဏ်ပေးခဲ့ကြောင်း သမ္မတက ပြောကြားသည်။

နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို ထိရောက်စွာနှိမ်နင်းလျက်ရှိရာ အဆောက်အအုံ ၁၃၄၃၅ ကျော်ကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ကြောင်း၊ အလားတူ ယမန်နှစ်က ဝင်ရောက်စီးနင်းမှု ၈၅၀၀ ခန့်ရှိကြောင်း သမ္မတက ပြောကြားသည်။

ဆင်ဟွာ

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြောင်းမြမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲတက်ရောက်

**မြောင်းမြ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မြောင်းမြမြို့ အ.ထ.က (၁) ပညာရတနာခန်းမ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ Grade–11 နှင့် Grade – 12 တက်ရောက်နေသည့် ကျောင်းသူကျောင်းသားများသည် အသက် ၁၇ နှစ်၊ ၁၈ နှစ်အရွယ်ဖြစ်ပြီး Grade – 12 ပြီးလျှင် အသက် ၁၈ နှစ်ထဲ ရောက်ရှိမည်ဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံသဘောတရားများကို နားလည်စေရန်၊ အပြည်ပြည်ဆိုင်ရာတွင် လက်တွေ့ကျင့်သုံးပုံများနှင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် အခြားသိသင့်သိထိုက်သည့် ပြဋ္ဌာန်းချက်များကို သိရှိစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တက်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများကို ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။ ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ခင်ခင်နွယ်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဥပဒေရေးရာအသိပညာပြန့်ပွားရေး Video Clips ပြသသည်။ ထို့နောက် သင်တန်းသား သင်တန်းသူတစ်ဦးလျှင် စားသုံးဆီ နှစ်ပိဿာကို ငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါသင်တန်းကို မြောင်းမြခရိုင် မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် လပွတ္တာခရိုင် လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၄ ဦးတို့ကို သင်တန်းနည်းပြဆရာ ရှစ်ဦးတို့က ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ၁၀ ရက်ကြာ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

# သာကေတမြို့နယ်၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု FSSC (Fire Safety Specialist Course) (၁/၂၀၂၄) ဆင့်ပွားသင်တန်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် ခရိုင်မီးသတ်ဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် သင်တန်းမှူးက သင်တန်းအား ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးထံ တန်းအပ်ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် လျှပ်စစ်ကား (Electric Vehecle Car) အကြောင်း၊ စက်ရုံ၊ အလုပ်ရုံ မီးဘေးလုံခြုံရေး၊ စက်သုံးဆီအရောင်းဆိုင်နှင့် ဆီသိုလှောင်ကန်များ မီးဘေးလုံခြုံရေး၊ စက်သုံးဆီအရောင်းဆိုင်နှင့် ဆီသိုလှောင်ကန်များ မီးဘေးလုံခြုံရေး၊ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေ၊ မီးသတ်တပ်ဖွဲ့ လုပ်ငန်းတာဝန်နှင့် အနာဂတ် စိန်ခေါ်မှုများ စသည့်ဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအတွင်းရှိ ဦးစီးအရာရှိ ၁၄ ဦး တက်ရောက်ပြီး ဒီဇင်ဘာ ၁၃ ရက် အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

အာကာလင်း

# တောင်ကြီးမြို့၌ စွမ်းရည်မြင့်မားရေးသင်တန်းဖွင့်

**တောင်ကြီး ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၌ စွမ်းရည်မြင့်မားရေးသင်တန်းကို ယနေ့ နံနက် ၉ နာရီက ခရိုင်/မြို့နယ်စုပေါင်းရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အုပ်ချုပ်ရေး၏ သဘောသဘာဝများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၃) ဦးထိန်လင်းသိန်းက လူဦးရေ၊ အိမ်ထောင်စုအကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)



# မိုင်းပန်မြို့နယ် နားလောကျေးရွာ၌ မွေးမြူမှုဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**မိုင်းပန် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ် နားလောကျေးရွာ၌ မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင် (အသားကဏ္ဍ)မြို့နယ်ကြီးကြပ်မှုကော်မတီက နားလောကျေးရွာခန်းမ၌ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဖိုးဆေးက နားလောကျေးရွာအတွက် နိုင်ငံတော်မှမတည်ငွေကျပ်သိန်း ၃၀၀ နှင့် ကိုးနှစ်အပေါ် အတိုးငွေ စုစုပေါင်း ငွေကျပ် ၅၈၄၁၂၀၀ မှငွေကျပ်၄၅၆၀၀၀၀ အား ဒေသနွားမွေးမြူရန် နွားကောင်ရေ ၉၆ ကောင် ဝယ်ယူဖြန့်ဖြူးမည် ဖြစ်ကြောင်းနှင့် မြစိမ်းရောင် ကျေးရွာရန်ပုံငွေကြီးကြပ်မှုအနေဖြင့် ငွေကြေးအလွဲသုံးစားမှု မဖြစ်ပေါ်စေရေးအတွက် သုံးစွဲမှုမှတ်တမ်း စနစ်တကျထားရှိရန်နှင့် အတိုးငွေများ စနစ်တကျကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ်သို့ စနစ်တကျထည့်သွင်း ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသနွားမွေးမြူရေးနှင့် ပတ်သက်၍ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားသည်။



မြို့နယ်(ပြန်/ဆက်)

# မင်းလှ၌ ဝါသီးနှံအောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး

**အထက်မင်းလှ ဒီဇင်ဘာ ၉**

မင်းလှမြို့နယ်၌ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များသည် မင်းလှမြို့နယ်အတွင်း စီမံကိန်းသီးနှံဖြစ်သော ဝါစိုက်ပျိုးဧက ၈၀၀၀ အနက်မှ မယ်ဇလီတောစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ ရောင်ခြည်လင်းလယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်း၊ ကုဋေကျော်လယ်ယာလုပ်သားသမဝါယမအသင်းတို့မှ အသင်းပိုင်ငွေဖြင့် စိုက်ပျိုးထားရှိသည့် ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မင်းလှမြို့နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်ကေသွယ်အောင်က ဝါစိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမ အသင်းစုအမှုဆောင်အဖွဲ့ဝင်များကို တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)



# သာယာဝတီမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်

**သာယာဝတီ ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ အမှတ်(၁၄)စက်မှုလယ်ယာ ဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံ (သာယာဝတီ ၊ ထားဝယ် ၊ ကျောက်တော်) တို့ ပူးပေါင်း၍ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေးသိပ္ပံ (သာယာဝတီ၊ ထားဝယ်၊ ကျောက်တော်) ဆရာစံခန်းမ၌ ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသိပ္ပံ (သာယာဝတီ၊ ထားဝယ် ၊ ကျောက်တော်) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မိုးထွဋ်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်သင်တန်းပို့ချသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းကို စိုက်ပျိုးရေးသိပ္ပံ (သာယာဝတီ၊ ထားဝယ်၊ ကျောက်တော်)မှ နောက်ဆုံးနှစ် သင်တန်းသား သင်တန်းသူ ၂၀၃ ဦး တက်ရောက် သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အထက်မင်းလှမြို့နယ်၌ ဆောင်းကြက်သွန်နီ(ပျိုးပင်စိုက်)များ စိုက်ပျိုး



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စုတွင် သီးနှံမျိုးစုံ ရာသီအလိုက် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မယ်ဇလီတောကျေးရွာ၌ ဆောင်းကြက်သွန်နီ (ပျိုးပင်စိုက်)ကို တောင်သူ ၃၁ ဦးက ဧက ၅၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကြက်သွန်နီကို နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတတိယပတ်တွင် တူးဖော်ရိတ်သိမ်းရကြောင်း၊ ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုတွင် ရေသွင်းဘောင်တင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ကြက်သွန်နီပျိုးပင်ကို ရေနံချောင်းမြို့မှ အပင်ရေ ၅၀၀ ပါ တစ်ထုံးလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူရပြီး တစ်ဧကလျှင် ပျိုးပင်အထုံးရေ ၉၀၀ ခန့် စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ထွန်ယက်ခ၊ မျိုး၊ လုပ်သားခနှင့် အခြားသွင်းအားစု စရိတ်အပါအဝင် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၃၂ သိန်းခန့်သာ ကုန်ကျခဲ့ပြီး တစ်ဧကလျှင် ပိဿာချိန် ၄၅၀၀ ထွက်ရှိကာ ကြက်သွန်နီဥ အကြီး၊ အသေးအပေါ်မူတည်၍တစ်ပိဿာ ငွေကျပ် ၂၈၀၀ – ၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ငွေကျပ် ၉၅ သိန်းခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တိုက်ရိုက် တင်ပို့ရောင်းချကြကြောင်း သိရသည်။

ဒီဇင်ဘာလ ပထမပတ်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ – ၄၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိ၍ ယခုနှစ်တွင်လည်း ယခင်နှစ်နည်းတူ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ် ရရှိနိုင်မည်ဖြစ်ကြောင်း ကြက်သွန်နီ(ပျိုးပင်စိုက်) တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

## ကျောက်ဆည်ခရိုင်၌ ကုလားပဲ(ဆောင်း) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုလားပဲ (ဆောင်း)များ စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်မြို့နယ်၌ ၁၇၃ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၃၇၂၅ ဧက၊ မြစ်သားမြို့နယ်၌ ၂၃၀၇ ဧကဖြင့် စုစုပေါင်း ၆၂၀၅ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲ(ဆောင်း)ကို ယာမြေများ၌ အောက်တိုဘာလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး သက်တမ်းသုံးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ်ထွက်ရှိသည့် မျိုးချန်ထားသော ကုလားပဲများကို စိုက်ပျိုးကြပြီး သီးနှံပွဲရုံများမှလည်း မျိုးဝယ်ယူ၍ စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် သုံးသိန်းဝန်းကျင်ခန့် ကုန်ကျကြောင်း၊ ယခင်နှစ် ကုလားပဲအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉–၁၀ တင်းခန့်ထွက်ရှိပြီး ကုလားပဲ(ရိုးရိုး)တစ်တင်းလျှင် ငွေကျပ် ၇၈၀၀၀ နှင့် ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၈၆၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ တစ်ဧကလျှင် ငွေကျပ် ငါးသိန်းခန့် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် ဒီဇင်ဘာလ ပထမပတ်တွင် ကုလားပဲ(ရိုးရိုး) တစ်တင်းလျှင် ငွေကျပ် ၉၂၀၀၀ ၊ ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၁၀၁၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ကုလားပဲ သီးနှံစိုက်ခင်းများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ကုလားပဲစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

## ရွှေတောင်မြို့နယ်၌ ကျောက်ဖရုံသီးကို မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုး

ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးလောင်အုပ်စုတွင် ကျောက်ဖရုံသီးကို အိမ်ခြံဝင်းနှင့် မြေလွတ်နေရာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိပြီး မိသားစုဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။

ကျောက်ဖရုံသီးကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကြပက်စနစ်နှင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ ကျောက်ဖရုံသီးထွက်ပေါ်ချိန်တွင် တစ်လလျှင် လေးကြိမ်ခူးဆွတ်ရပြီး တစ်ကြိမ်လျှင် ကျောက်ဖရုံသီး အလုံးရေ ၅၀ ခန့် ထွက်ရှိကြောင်း၊ သက်တမ်းအနေဖြင့် သုံးလခန့်အကြာထိ ခူးဆွတ်နိုင်ပြီး စင်တစ်စင်လျှင် ကျောက်ဖရုံသီးအလုံးရေ ၆၀၀ ကျော် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ကျောက်ဖရုံသီး စိုက်ပျိုးရာတွင် အဓိကကုန်ကျစရိတ်မှာ ကျောက်ဖရုံစင်ဖြစ်ပြီး စင်တစ်စင်အတွက် ငွေကျပ် နှစ်သိန်းခန့်နှင့် မျိုးစေ့နှင့် သွင်းအားစု အပါအဝင် ကုန်ကျစရိတ်စုစုပေါင်း ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ကျောက်ဖရုံသီး တစ်လုံးလျှင် ငွေကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ငွေကျပ် ခုနစ်သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်မြို့နှင့် ပြည်မြို့များသို့ တင်ပို့သည့်အပြင် ဒေသတွင်းနှင့် မြို့နယ်အတွင်းရှိ ဖရုံယိုလုပ်ငန်းများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကျောက်ဖရုံ စင်တစ်စင်ကို သုံးနှစ်ခန့်အထိ အသုံးပြုနိုင်သောကြောင့် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ် ရရှိသည့်အတွက် တောင်သူများအနေဖြင့် ကျောက်ဖရုံသီးကို နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**

## မတ္တရာပဲ (ခေါ်) ပဲစိမ်းများ ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စပါး၊ ငရုတ်၊ ကြက်သွန်စသည့် သီးနှံများ စိုက်ပျိုးလျက်ရှိပြီး အုန်းခရိုင်ရွာ၊ စိုင်မလန်းရွာနှင့် ကိုးပင်ရွာများတွင် မတ္တရာပဲ (ခေါ်) ပဲစိမ်းကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မတ္တရာပဲ(ခေါ်)ပဲစိမ်းကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မတ္တရာပဲ(ခေါ်)ပဲစိမ်း စိုက်ပျိုးမှုတွင် မျိုးအနေဖြင့် တစ်ဧကလျှင် နှစ်ပြည်ခန့် စိုက်ပျိုးရပြီး တစ်ပြည်လျှင် ငွေကျပ် ၁၃၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ပဲစတင်ထွက်ပေါ်ချိန်တွင် တစ်ပတ်လျှင် တစ်ကြိမ် ခူးဆွတ်ရပြီး သုံးလအကြာထိ ခူးဆွတ်နိုင်ကြောင်း၊ တစ်ကြိမ်ခူးဆွတ်လျှင် အခွံခွာပြီး ပဲ ၃–၄ တင်းခန့်ရရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ ဝါးဖိုး အပါအဝင် ငွေကျပ် ၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ မတ္တရာပဲ(ခေါ် )ပဲစိမ်းအစို လက်ကားဈေးနှုန်း တစ်တင်းလျှင် ငွေကျပ် ၇၂၀၀၀ နှင့် လက်လီဈေးနှုန်း ငွေကျပ် ၉၆၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀၀ ကျော် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မတ္တရာပဲကို ပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြသည့်အပြင် သီးနှံပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိပြီး မတ္တရာပဲ(ခေါ်)ပဲစိမ်းများ ဈေးနှုန်းကောင်းမွန်လျက်ရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ၉–၁၂–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | – | ၁၉၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၅ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၈၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၃၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်(၇၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/စီမံကိန်း-၁)၊ မြေကွက်အမှတ်(၇၁)တွင် (၁)ခန်းတည်း(၆)ထပ်တိုက်(Partial Slab Roof)(လူနေရန်၊ အခန်းပေါင်း(၆)ခန်း) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ နှစ်(၆၀) မြေငှားစာချုပ်အမည်ပေါက် ဒေါ်ဆင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)ရရှိသူ ဦးမျိုးနိုင်မှ တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၃၁/က)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျင်သန်း(ဘ) ဦးအော်လိန်း ၁၂/ကမရ(နိုင်)၀၄၁၉၂၀ မှ ဒေါ်ခင်လေးလေး (ဘ) ဦးသိန်းဟန် ၁၂/ကမရ(နိုင်)၀၅၀၆၇၄ ထံသို့ လွှဲအပ်ထားသော ၁၃-၃-၂၀၂၄ ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၈၅၁/၂၀၂၄)အား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှဲ့ဝေ (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၉၁)**
**အမှတ်- ၁၃ ၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၇၇၄၇၅၆၅၀၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်းသွယ်၊ အိမ်အမှတ်(၇၀/ခ)(မှန်ခန်း)၊ ရေမီးစုံပါတိုက်ခန်း (အလျား ၁၅ပေxအနံ ပေ၅၀)ရှိ တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသော ဦးဇံဦးကိုကို ၆/မမန(နိုင်)၁၅၉၀၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဝေ၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်အေးအေးမြ ညီအစ်မ (၃)ဦးစလုံးတို့က ၆-၁၂-၂၀၂၄ရက်တွင် တိုက်ခန်းကို အပြီးအပိုင်ဝယ်ယူခဲ့ကြပါသည်။ ထိုအချိန်မှစ၍ အထက်ဖော်ပြပါတိုက်ခန်း(မှန်ခန်း)၏ ယခုလက်ရှိပိုင်ရှင်မှာ ဒေါ်စန်းစန်းဝေတို့ ညီအစ်မ (၃)ယောက်သာ ယခုလက်ရှိ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်းဖြစ်ပါသည်။ ပိုင်ရှင်ညီအစ်မ (၃)ယောက်စလုံး မသိရှိဘဲ ရောင်းချပေါင်နှံခြင်းများ ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည် ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)၊ မင်းစေတီလမ်း၊ ရွာအနောက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အိမ်အမှတ်(၃၄၃) ဟုခေါ်တွင်သည့် အလျားxအနံ (၅၀'/၅၈' x ၇၅') အတိုင်းအတာရှိ မြေကွက်မှ အလျား x အနံ (၃၀'/၃၆' x ၇၅')+ အနောက်ဘက်မြေပို ၁၀ ပေနှင့် နှစ်ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစား ခွင့်များအား စောသိန်းငွေ ၁၂/အစန(နိုင်)၁၆၁၃၅၃ က ၎င်းလက်ရှိနေထိုင် ပိုင်ဆိုင်ကြောင်း မြွက်ဟပြောဆိုလာ၍ ကျွန်ုပ်၏မိတ်ဆွေက ၎င်းထံမှ အပိုင်ဝယ်ယူလို၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**စောအယ်ထူး အထက်တန်းရှေ့နေ (စဉ်-၄၄၇၈၉)**
**အမှတ်၊ ၁၅၃၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့**
**ဖုန်း ၀၁-၃၆၄၀၄၁၁၊ ၀၉-၈၈၅၀၈၂၁၂၉**

## ဒေါ်နန်းသူဇာဦး (၁၃/လလန(နိုင်)၀၇၀၄၁၂)နှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်-ရပ(၂၇၆)တွင်နေထိုင်သော ဦးစိုင်းကျော်သိန်းဦး ၁၃/မနန(နိုင်) ၀၁၇၂၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးစိုင်းကျော်သိန်းဦးနှင့် ဒေါ်နန်းသူဇာဦးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၁၀-၁၁-၂၀၁၉ရက်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။ ထို့နောက်ပိုင်း ဒေါ်နန်းသူဇာဦး သည် ခင်ပွန်းဖြစ်သူ ဦးစိုင်းကျော်သိန်းဦးအား (၃)နှစ်ကျော်ခန့် အကြောင်းမဲ့စွန့်ပစ်ခဲ့ပြီး အဆက်အသွယ်ပြုလုပ်ခြင်း၊ လင်မယားအဖြစ် လာရောက်ပေါင်းသင်းနေထိုင်ခြင်း၊ မယားဝတ္တရားနှင့်အညီပြုမူ ဆောင်ရွက်ခြင်းများလုံးဝ မရှိခဲ့ပါ။ ထို့ကြောင့် စွန့်ပစ်ခြင်းခံရသူ ဦးစိုင်းကျော်သိန်းဦးသည် စွန့်ပစ်သူ ဒေါ်နန်းသူဇာဦးအား မယားအဖြစ် ဆက်လက်ပေါင်းသင်းသွားရန် ဆန္ဒမရှိတော့သဖြင့် ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း ဒေါ်နန်းသူဇာဦး ၁၃/လလန(နိုင်)၀၇၀၄၁၂နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုင်းကျော်သိန်းဦး သည် ဒေါ်နန်းသူဇာဦး ၏ စွန့်ပစ်မှုအပေါ်အခြေခံ၍ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လင်မယားအဖြစ်မှ ပြတ်စဲကြောင်းကို လူသိရှင်ကြား တရားဝင်ဆန္ဒဖော်ထုတ်ခဲ့သဖြင့် ဦးစိုင်းကျော်သိန်းဦးနှင့် ဒေါ်နန်းသူဇာဦးတို့သည် ယနေ့မှစ၍ လင်ခန်းမယားခန်း လုံးဝပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ နောက်နောင်တွင် ဒေါ်နန်းသူဇာဦးနှင့် ပတ်သက်သောကိစ္စရပ်များသည် ဦးစိုင်းကျော်သိန်းဦးနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ချစ်ချစ်စံ(LL.B)** | **ဦးစန်းမင်းဦး(LL.B)** | **ဒေါ်ခိုင်စုဝေ (ခ)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **ဒေါ်ငုဝါဝါလွင်(LL.B)** |
| **စဉ် - ၁၇၀၇၁** | **စဉ်-၅၁၅၃၁** | **အထက်တန်းရှေ့နေ** |
| | | **စဉ်- ၅၁၈၂၂** |

**အမှတ်-(B-5)၊ အခန်း(၂၀၁)၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၁၀၀၈၆၉၅၊ ၀၉-၂၅၈၀၀၁၇၉၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ပြည်သာယာလမ်းမ၊ တိုက်အမှတ်(၆၅၇)၊ အခန်းအမှတ်(၈-လွှာ)ခေါ်တွင်သော (၃၈ပေx၅၂ပေ)အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်တကွ ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးနိုင်ထွန်း ၁၃/တကန(နိုင်)၀၀၁၁၂၉ မှ အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေးငွေးဝင်း(LL.B, D.I.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊အိမ်အမှတ်(51)A (ဘ)ဦးမြင့်သန်း၏ သား မောင်မင်းချစ်ဦး ၉/ကပတ(နိုင်)၂၄၆၆၈၇၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၂၇၄၈၇၉၄**

## လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့နေ ကျွန်မ ဒေါ်သီတာအေး ၉/ပဥလ(နိုင်)၀၅၆၀၈၆ နှင့် ဒေါ်အန်ဂျလာမှာ အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်းနှင့် ကျွန်မ၏ဖခင် ဦးပီတာမိုးဇော်နှင့် ဦးပီတာမှာ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း၊ ကျွန်မ၏ မိခင်ဒေါ်ဂိုရီနှင့် ဒေါ်သန်းအေးမှာ အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/97912 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၇/ပမန(နိုင်)၁၄၄၈၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/8823 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Success Empire Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/10524 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်းမနှင့် ယဿဝတီ(၁၅) လမ်းထောင့်၊ အမှတ်-၁၀၄၀(က+ခ)ရှိ ပေ(၄၀x၆၀) မြေပေါ်တွင်ဆောက်လုပ်ထားသော ၂ခန်းတွဲ၆ထပ် RC တိုက်၏ ဘယ်ဘက်(၁၀၄၀/က)ခြမ်းရှိ အနံ ၁၇ပေ၊ အလျား ၅၄ပေ၊ အမြင့် ၉ ပေ ကျယ်ကာ ပဥ္စမထပ်(၆လွှာ)ဟု ခေါ်တွင်သော ရေမီးအပြည့်အစုံပါတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မြေရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုသော စာချုပ်အရ ကန်ထရိုက်တာ ဦးခင်မောင်ဆန်း ၁၂/တမန(နိုင်)၀၉၆၉၆၀ ရရှိသော တိုက်ခန်းဖြစ်ပြီး ၎င်းတို့ထံမှ ကြိုပွိုင့်စနစ်ဖြင့်ဝယ်ယူထားရှိသူ ဒေါ်စုရတနာထက် ၁၂/ရကန(နိုင်)၀၈၁၈၂၈နှင့် ဒေါ်ချိုမေကို ၁၃/ကလန(နိုင်)၁၂၁၅၃၃ တို့က အရှုပ်အရှင်းကင်းရှင်း၍ ကြိုပွိုင့် ကာလအတွင်း မိမိတို့တွင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းထိုက်အောင် ၁၄/နေဖ(နိုင်)၀၉၉၄၈၃ က အပြီးပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ထက်ထက်အောင်(LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

## အများသိရှိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ မင်းခေါင်လမ်း၊ (၁၀၄)ဈေးအနီးတွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းအောင် (ဘ)ဦးအောင်ကြီး၊ ၁/ကမန(နိုင်)၀၆၅၆၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြော်ငြာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၈)၊ ဦးပိုင်အမှတ် (၁၁ ပ/၁၅/၁)၊ ဧရိယာ ၀ ဒသမ ၀၃၂၈ ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်မှာ ဦးမောင်ကို၊ ဒေါ်စိန်လှ အမည်ပေါက်ရှိသော မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးမောင်ကို သည် ၁၈-၁-၂၀၁၅ ရက်ကလည်းကောင်း၊ ဒေါ်စိန်လှသည် ၁၉-၄-၂၀၁၄ ရက်ကလည်းကောင်း သေဆုံးသွားပြီးဖြစ်ရာ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးတင်ဝင်း၊ ဒေါ်ခင်သီတာ၊ ဒေါ်ကြည်ငွေး၊ ဒေါ်ခင်သက်ဝါ၊ ဒေါ်ခင်သက်မာ ဦးအောင်ကျော်မိုးတို့ မောင်နှမ(၆)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေရလက်ရှိလက်ရောက်နေထိုင် ပိုင်ဆိုင်ခဲ့ကြပါသည်။ အထက်ပါဘိုးဘမြေကွက်သည် မိမိတို့ဥပဒေနှင့်အညီအမွေရရှိပိုင်ဆိုင်သည့် မြေကွက်ဖြစ်ကြောင်းနှင့် အခြားအမွေဆိုင်တစ်ဦးတစ်ယောက်မှ ကျန်ရှိခြင်းမရှိပါကြောင်း အဆိုပြု၍ ကျန်ရစ်သူသားသမီး(၆)ဦးမှတညီတညွတ်တည်းရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ၎င်းတို့၏အဆိုပြုပြောကြားချက်များအပေါ် လက်ခံယုံကြည်ပါသဖြင့် အထက်ပါမြေကွက်အား အပြီးအပိုင်ဝယ်ယူရန် အတွက် ၈-၁၂-၂၀၂၄ ရက်တွင် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းကြေးစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ဘိုးဘမြေကွက် အရောင်းအဝယ်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း မိတ္တူများ၊ တရားရုံးအမိန့်ဒီကရီများနှင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ကျွန်ုပ်ထံသို့ ကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအောင်** **ဦးစိုးမြတ်သူ(LL.B)** **ဒေါ်နှင်းစုလှိုင်(LLB)**
**တရားလွှတ်တော်ရှေ့နေများ**
**(စ-၁/၈၇-ခ)၊ ၆၇(A)နှင့် ၁၀၇(D)ထောင့်၊ မြို့သစ်(၂)၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း-၀၉-၇၉၈၆၁၄၉၄၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၃)၊ မြေကွက်အမှတ် (၁၈၉)နှင့်(၁၉၀)၊ ဇုန်(၂)၊ ခတ္တာလမ်းရှိ ပေအကျယ်(၁၀၀ပေx၁၀၀ပေ)ခန့်ရှိ ပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဘူလာချိန် (ခ) ဦးကျော်သိန်း ၁၂/မရက(နိုင်)၁၈၃၅၅၆ နှင့် ဒေါ်စန္ဒာလင်း ၁၂/မဂတ(နိုင်)၀၉၉၆၇၃ တို့က အမည်ပေါက်ဦးကျော်မြင့်ထံမှ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သင်း ၉/ညဥန(နိုင်)၁၆၂၉၈၇ မှ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့ မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (LL.B)(D.B.L)(D.M.L)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)ရှိ

- မြေကွက်အမှတ်(၂)၊ ဦးစိန်ဝင်း + ၁အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၃)၊ ဦးလှမြင့် + ၁အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၄)၊ ဦးကျော်လှအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၅)၊ ဦးလှသိန်း+ ၁အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၆)၊ ဦးရွှေလေး+ ၁အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၇)၊ ဦးကံစိန် အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၁၀)၊ ဒေါ်စန်းစန်းဝင်းအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၁၁)၊ ဦးသိန်းလှိုင်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၁၂)၊ ဦးထွန်းလွင်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၁၄)၊ ဒေါ်မြင့်မြင့်ခင်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၁၆)၊ ဦးချစ်လှ + ၁အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ် (၁၇)၊ ဦးအောင်သွင်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၁၈)၊ ဦးလှဝင်းအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၁၉)၊ ဒေါ်ခင်နွယ်ဝေအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၂၁)၊ ဒေါ်မြင့်အေးအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၂၂)၊ ဦးချစ်ငွေ + ၁အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်
- မြေကွက်အမှတ်(၂၄)၊ ဦးလှမြင့်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၂၅)၊ ဒေါ်စိန်ရီအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၂၆)၊ ဦးအုန်းမြင့်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၂၉)၊ ဒေါ်ခင်အုန်းမြင့်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၃၁)၊ ဦးကျော်သူရအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၃၂)၊ ဦးလှဝင်းအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၃၄)၊ ဦးသာအုပ်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၃၅)၊ ဦးမြင့်ဝေ + ၁အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၃၆)၊ ဦးမောင်မောင်သန်းအမည်ပေါက် ဂရန်မြေကွက်တစ်ကွက်။
- မြေကွက်အမှတ်(၃၇)၊ ဦးကျော်တင့်အမည်ပေါက် ဂရန်မြေကွက်တစ်ကွက်

စသည့် ဂရန်မြေကွက် စုစုပေါင်း (၂၆)ကွက်အား ပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ဝင်းဝင်းမာ ၁၂/သကတ(နိုင်)၀၀၃၆၃၅ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ အဆိုပါမြေ၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်းပြီး ပိုင်ရေးပိုင်ခွင့်ရှိသူတို့အနေဖြင့် ကန့်ကွက်လိုပါက ယနေ့မှစပြီး(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်ဇင်ဦး LL.B** **ဦးသက်ပိုင်ထူး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၆၉၂)** **အထက်တန်းရှေ့နေ (စဉ်-၄၉၅၉၇)**
**ရုံးခန်း- အမှတ် (၅၇)၊ အခန်း (၀၀၄)၊ အဝေရာအိမ်ရာ(၂)၊ သမာဓိလမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ရုံးဖုန်း-၀၉-၄၂၂၄၅၇၅၂၉**

## တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံ၊ တိုက်အမှတ်(N- 3)၊ အခန်း အမှတ်(၀၀၄)၊ မြေညီထပ်၊ ဦးဇော်လတ်မြင့် ၁၂/ဥကမ(နိုင်)၁၅၃၅၅၀ အမည်ပေါက်တိုက်ခန်းအား အဆက်အစပ်စာချုပ်များဖြင့် လက်ရောက်လက်ဝယ်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်း ၁၂/မဂတ(ဧည့်)၀၀၀၁၉၉ မှ မိမိတစ်ဦးတည်းပိုင်တိုက်ခန်းဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ တာဝန်ယူတာဝန်ခံကြောင်း၊ ဝန်ခံကတိပြုလျက် ကာလတန်ဖိုးဖြင့် ရောင်းချလိုကြောင်း စကားကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြတ်သီတာ ၁၂/တမန(နိုင်)၀၇၃၅၈၈ မှ ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထားမူရင်းများစုံလင်စွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှမြင့်(LLB,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၂၂၂)၊**
**ရုံးအမှတ်(၉၀/A)၊ မြေညီထပ်၊ (၁၅၇)လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၆၅၀၆၅**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကံရပ်ကွက်၊ မာဃလမ်း၊ ခ/၂၅နေ ကျွန်မ ဒေါ်တိုးတိုး ၁၂/အစန(နိုင်)၁၂၃၈၇၉ ၏သမီး မဇာခြည်အောင် ၁၂/အစန(နိုင်)၂၂၂၈၅၉သည် မိခင်၏ ဆိုဆုံးမခြင်းကို မနာခံဘဲ မိခင်စိတ်ဆင်းရဲအောင် အမျိုးမျိုးဒုက္ခပေးသောကြောင့် သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တိုးတိုး(မိခင်)**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း နှစ်ထပ် လူနေပွဲရုံ တိုက်ခန်းအမှတ် (ဘီ-၁၆) (ဒီ)တိုက်ခန်းသည် မူလအမည်ပေါက် ဒေါ်ကျင်ဟော် ပိုင်ဆိုင်ခဲ့ပြီး ဆက်စပ်စာချုပ်ဖြင့် ၁-၁၂-၂၀၂၄ ရက်တွင် ဒေါ်အေးအေးရီမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါတိုက်ခန်းသည် ပြင်ဦးလွင်ခရိုင်တရားရုံး၏ ၂၀၁၆ ခုနှစ် တရားမမှုအမှတ် - ၈ ဖြင့် ဝရမ်းခွာစေရန်အတွက် ထုံပျံကျအပြီးသတ်အမိန့်ရရှိ ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မူလအမည်ပေါက် ဒေါ်ကျင်ဟော် အမည်မှ ဒေါ်အေးအေးရီ အမည်သို့ ပြောင်းလဲနိုင်ရန် ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများဖြင့် ပြည့်စုံစွာ လျှောက်ထားလာပါသည်။ ပိုင်ဆိုင်မှုအမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို တရားရုံးအဆင့်ဆင့်၏ စီရင်ချက်ဒီကရီ၊ တရားရုံးတားဝရမ်းများ၊ အထောက်အထား ပြည့်စုံစွာဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ၊ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

- နှစ်ထပ်ပွဲရုံ တိုက်ခန်းအမှတ် (ဘီ - ၁၆ ) ( ဒီ )

၂။ သတ်မှတ်ရက်ထက်ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ဆိုင်ခန်းပိုင်ရှင် အမည်လွှဲပြောင်းထမ်းဆောင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊ မြေကွက်အမှတ်-၈၂၈/က၊ ဧရိယာ ပေ(၂၀x၆၀) မြေကွက်တည်နေရာအမှတ်-၈၂၈/က၊ အောင်သပြေ (၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်ညွန့် ၁၂/သကတ(နိုင်)၁၁၆၆၄၈ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်ညွန့် ၁၂/သကတ(နိုင်)၁၁၆၆၄၈ (ဖခင်)နှင့် ဒေါ်ကျော့(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်စန်းရီ ၁၂/သကတ(နိုင်)၀၅၈၇၇၆ မှ မိမိသည် ကွယ်လွန်သူ မိခင်နှင့် ဖခင်တို့မှ မွေးဖွားသော တစ်ဦးတည်းသောသမီးဖြစ်ပါကြောင်း၊ အခြားသောမွေးချင်းများမရှိပါကြောင်း၊ ကိတ္တိမ သား/သမီးများ မွေးစားထားခြင်းလည်း မရှိပါကြောင်း၊ မိမိတို့မိသားစုသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့် အားလျော်စွာ မိဘများ ကွယ်လွန်ကြပြီးနောက် ဖခင်အမည်ဖြင့် ပိုင်ဆိုင်သော အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူတစ်ဦးတည်းသော သမီးဖြစ်သည့် မိမိတစ်ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးကျော်ညွန့်(ဖခင်)၊ ဒေါ်ကျော့(မိခင်)တို့၏ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ယခင်)ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၁၀၀၈၊ အနော်ရထာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးဝင်းအောင် (AB-042743) အမည်ပေါက်၊ ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ အိမ်မြေအား ဦးဝင်းအောင် (AB-042743) ထံမှ ကျွန်ုပ်တို့၏ အမှုသည်များဖြစ်သော ဦးဟိန်းဇော် ၈/ပခက(နိုင်)၁၉၁၃၈၈ နှင့် ဦးအောင်ကိုကို ၈/ပခက (နိုင်)၁၉၁၃၉၇ တို့မှ ဝယ်ယူခဲ့ရာ အဆိုပါအိမ်မြေအား မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ပြုလုပ်လိုပါသဖြင့် သတင်းစာတွင်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်ပေးပါရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ဆုဝေ (LL.B)** **ဒေါ်မိုးမီမီခိုင် (LL.B)**
**(စဉ် - ၅၃၃၆၉)** **(စဉ် - ၅၃၄၉၁)**
**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၄)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၅၃၂)ရှိ ပေ(၄၀x၆၀)ကျယ်သော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဒေါ်ချိုချိုစိုး (MGG-022754) အမည်ဖြင့်မှတ်သားတည်ရှိပြီး အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခင် ၁၂/လမတ(နိုင်)၀၂၆၁၄၁ ထံမှ ယခုရောင်းချသူ ဦးမျိုးဝဏ္ဏအောင် ၁၂/ခရန(နိုင်)၀၉၉၅၉၆ က စရန်ငွေပေးဝယ်ယူထားသဖြင့် အဆိုပါမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော(အမှတ်၅၃၁ နှင့် ကပ်လျက်) ပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်း၍ စရန်ပေးကာလအတွင်း မိမိတွင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဘုန်းပြည့် ၁၄/ကခန(နိုင်)၀၆၁၆၈၀ က အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်အလှူ့ဒါယကာကြီး**

**ဦးဝင်းစိန်(ဝန်ကြီး-ငြိမ်း)**

**မြန်မာ့မီးရထားဝန်ကြီးဌာန၊**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**အသက်(၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ခြံအမှတ်(၁၉/၂၀)၊ River View Garden အိမ်ရာဝင်းနေ(ဒေါ်ခင်သိန်းရီ)၏ခင်ပွန်း၊ ဦးဝင်းစိန်(ဝန်ကြီး-ငြိမ်း)သည် ၇-၁၂-၂၀၂၄ရက်(စနေနေ့)မွန်းလွဲ ၁၃:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းစိန်**

**ယဉ်ကျေးမှုဝန်ကြီးဌာန**

**ဝန်ကြီး(ငြိမ်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ River View Garden အိမ်ရာ၊ အိမ်အမှတ် (၁၉/၂၀)နေ ဦးဝင်းစိန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) အသက်(၈၅)နှစ်သည် ၇-၁၂-၂၀၂၄ရက် မွန်းလွဲ ၁:၀၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး

**ဒေါ်မေမေခင်**

**မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)**

**အသက်(၈၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၂၅၉၊ ၂၉လမ်း၊(၁၃)ရပ်ကွက်နေ (ဦးခင်မောင်ကျော်)၏ချစ်လှ စွာသောဇနီး၊ ဒေါက်တာ မြတ်သီတာ(ဒုတိယပါမောက္ခချုပ်-ငြိမ်း)၊ဦးမျိုးညွန့်-ဒေါ်မြတ်စန္ဒာ(သမဝါယမဦးစီးဌာန)၊ ဦးနန္ဒ ကျော်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်ကြူကြူရွှေ(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း-ငြိမ်း)၊ဦးအောင်ခန့်ကျော်- ဒေါ်ချောစုဝင်း(YDFS)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲနန္ဒအောင်၊ မသက်ထက်ဦးတို့၏ အဘွားဖြစ်သူသည် ၈-၁၂-၂၀၂၄ ရက်(တနင်္ဂနွေနေ့)ညနေ ၅:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၀-၁၂-၂၀၂၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အသိပေး အကြောင်း ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

ပုသိမ်မြို့၊ အထက(၁၁)၊ Grade (8) မှ (ဘ) ဦးညီညီအောင် (၁၄/ပသန (နိုင်) ၁၆၀၅၃၄) ၏ သားဖြစ်သူ မောင်ကြံစည်ထွန်းအား ယနေ့မှစ၍ **မောင်သော်တာရှင်းခန့်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သော်တာရှင်းခန့်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကံလှကန်ကျေးရွာအုပ်စု၊ ကံလှကန်ကျေးရွာနေ (ဘ) ဦးအောင်သန်း ၏သမီး မရီရီလွင် ၈/တတက(နိုင်)၂၄၃၄၈၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် M 142763 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၇၇၇ ၇၉၄ ၄၄၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၁၁)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အိမ်အမှတ်(၅၀၄)ဟုမှတ်သားတည်ရှိသည့် အလျား(၄၀)ပေ x အနံ(၆၀)ပေ အကျယ်ရှိ မြေကွက်အား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးမြင့် ၁၄/ပတန(နိုင်) ၂၀၇၀၈၂ထံမှ ယင်းမြေကွက်အားအပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးညွန့်လွင် ၁၂/မဂဒ(နိုင်)၀၁၂၃၀၀က ရောင်းကြေးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ယင်းမြေကွက်အရောင်းအဝယ်ပြုလုပ်မှုအား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုစံ(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)**
**ဖုန်း-၀၉-၇၈၃၆၆၇၅၂၂၊ ၀၉-၄၂၁၀၆၅၄၁၅**

## ကန်ထရိုက်တာ ဦးသက်နိုင်ဦး (၁၂/ဥကမ(နိုင်)၀၂၁၂၄၀)သိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ မေခါဝီလမ်း၊ အမှတ်(၂၄) (ယခုနေရပ်လိပ်စာ မသိ)နေ ကန်ထရိုက်တာ ဦးသက်နိုင်ဦး ၁၂/ဥကမ(နိုင်)၀၂၁၂၄၀နှင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဌေးမြင့် ၁၂/ရပသ(နိုင်)၀၂၂၂၉၃တို့သည် ကျွန်ုပ်၏မိတ်ဆွေပိုင် အမှတ်(၁)၊ ဝေဟင်လမ်း၊ ဝေဘာဂီမြို့သစ်(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု မှတ်သားတည်ရှိသည့်မြေကွက်ပေါ်၌ (၂)ခန်းတွဲ Hall Type(၆)ထပ်အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက်(၁၉-၂-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်"အား ပြုလုပ်ချုပ်ဆိုခဲ့ကြသော်လည်း လူကြီးမင်းသည် နှစ်နှစ်နီးပါး ကြာမြင့်သည်အထိ လုပ်ငန်းတစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမရှိသည့်အပြင် လူကြီးမင်းအား ဆက်သွယ်ရာတွင်လည်း လုံးဝဆက်သွယ်၍မရတော့ကြောင်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံ ပြန်လည်ဆက်သွယ်ပေးပါရန်နှင့် ပျက်ကွက်ပါက လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့ ချုပ်ဆိုခဲ့ကြသည့်(၁၉-၂-၂၀၂၃)ရက်စွဲပါ "နှစ်ဦးသဘောတူ ကတိစာချုပ်"အား ကျွန်ုပ်၏မိတ်ဆွေမှ ဖျက်သိမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုစံ(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)**
**အခန်းအမှတ်(၉)၊ ဝေဟင်လမ်း၊**
**ဝေဘာဂီမြို့သစ်(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၃၆၆၇၅၂၂၊ ၀၉-၄၂၁၀၆၅၄၁၅**

## ဦးရဲအောင်

**ဦးစီးအရာရှိ (ငြိမ်း)၊ သမဝါယမဦးစီးဌာန**

**ဒုတိယအထွေထွေမန်နေဂျာ၊ CB Bank (ငြိမ်း)**

**အသက် (၇၈) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရန်ပြိုလမ်း၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၆)၊ အခန်း(၈)နေ ဒေါ်ကြည်ကြည်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲကျော်စည်-ဒေါ်လဲ့ယဉ်ယဉ်ဝင်း၊ ဦးဖေသိုက်ဌေး-ဒေါ်သူဇာအေး၊ ဦးနေအောင်ထွန်း-ဒေါ်သောမာ၊ဦးအောင်ကျော်ဖြိုး-ဒေါ်သဲသန္တာဝင်းတို့၏ ချစ်လှစွာသောဖခင်၊မကြယ်စင်ရဲ၊ မသက်မှူးဖေ၊ မပန်မြတ်ဖေ၊ မောင်ရွှေဆည်းလည်း၊ မအိမ့်ဆည်းဆာအောင်တို့၏ ချစ်လှစွာသောအဘိုးဖြစ်သူ သည် ၈-၁၂-၂၀၂၄ရက်(တနင်္ဂနွေနေ့)၊ နံနက် ၁၀:၅၀နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂- ၂၀၂၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၂၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ စမ်းချောင်းမြို့နယ်၊ ရန်ပြိုလမ်း၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၆)၊ အခန်း(၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ငွေကြည်**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ-တောင်ရပ်ကွက်၊ E-2၊ (ဣန္ဒြေတံ-အိမ်ရာ)နေ (ဦးအောင်ပြန်-ဒေါ်မြရွှေ)တို့၏သမီး၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့ နေ ဦးတင်ယု-(ဒေါ်ခင်ရီ)၊ (ဦးရွှေဝင်း)-ဒေါ်ငွေတီ တို့၏ညီမ၊ (ဦးသက်ထွန်း)-ဒေါ် ငွေခြည်၊ (ဦးကြည်ရွှေ)-ဒေါ်ခင်သန်းနွဲ့၊ ဦးဉာဏ်စိုးအောင်-ဒေါ်သိမ့်သိမ့်အေးတို့၏ အစ်မ၊ ပါမောက္ခ ဦးသိန်းမြင့်- တွဲဘက်ပါမောက္ခ ဒေါ်ခင်သင်းယု တို့၏အဒေါ်၊ တူ၊ တူမ ၁၇ယောက်တို့၏ အဒေါ်သည် ၈-၁၂-၂၀၂၄ ရက် (တနင်္ဂနွေနေ့) ညနေ ၆:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၁၂-၂၀၂၄ ရက်(အင်္ဂါနေ့) နံနက် ၁၁:၃၀နာရီတွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ရေဝေးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၂၄ရက် (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(တိုးချဲ့)၊ မြတ်ရတနာအိမ်ရာစီမံကိန်း အပိုင်း(၅)ရှိ မြေကွက်အမှတ်(၃၉၇)၊ မြေဧရိယာ (၀ဒသမ၀၅၅)ကေအား မူလအမည်ပေါက် ဦးလှမိုးထွန်း ၁၂/လမတ(နိုင်)၀၀၄၇၆၀ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ပြန်လည်၍ဝယ်ယူခဲ့သူ ဒေါ်သဇင်ဝတ်မှုံ ၇/တငန(နိုင်)၁၁၃၀၀၆က ၎င်း၏အမည်ဖြင့် မြေချပါမစ် ထုတ်ယူခွင့်ပြု ပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၄၆)၊ တတိယထပ်ဟုခေါ်တွင်သည့် အခန်း(၁)ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မြေကွက်အမှတ်(၄၆)၊(၃)လွှာ၊ (၈)ထပ်တိုက်၊ အကျယ်အဝန်း(၁၃ပေ x ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းကို အဆက်အစ စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင် ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သော မကျင်ရီ(ခ)မပေါက်စ ၁၂/ လမတ(နိုင်) ၀၀၉၃၄၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မနီစ်ကူမာရ် ၇/ဖမန(နိုင်)၀၉၅၂၃၆က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇာနည်ဝင်း(ခ)ဇာနီဝင်း(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၄၁)**
**အမှတ်(၃၈၃)၊ ဇေယျာသုခလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၈၈၈၅၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(A-၃၂၀)၊ မြေဧရိယာ(၀.၂၆၆)ကေရှိ ဗိုလ်မှူးချုပ်ကျော်လွင် (ဘ)ဦးစိုးမောင် ၉/မထလ(နိုင်)၁၃၆၅၂၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ ဦးကျော်လွင် ကွယ်လွန်သွားပါသဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ဇနီးဖြစ်သူ ဒေါ်ခင်နီတာ(ဘ)ဦးဟန်သိန်း ၁၂/ဗဟန(နိုင်)၀၃၄၄၆၈မှ မြေငှားစာချုပ်မူရင်း၊ သေဆုံးကြောင်းလက်မှတ်၊ တရားရုံးမှတ်ပုံတင်ကျမ်းကျိန်လွှာ(၂၄၉၁/၂၀၂၄)(၂၈-၁၁-၂၀၂၄) မူရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်အလှူ့ဒါယကာကြီး

**ဦးဝင်းစိန်(ဝန်ကြီး-ငြိမ်း)**

**မြန်မာ့မီးရထားဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ (ဒေါ်ခင်သိန်းရီ)၏ခင်ပွန်း၊ ဦးဝဏ္ဏ-ဒေါ်စန္ဒာဝင်း၊ ဦးအောင်မြင့်(ညွှန်ကြားရေးမှူး)-ဒေါ်သန္တာဝင်း၊ ဦးလင်းဇော်ဝင်း-ဒေါ်ကြည်ကြည်ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ ဦးလင်းထက်အောင်၊ ဒေါက်တာမြတ်သင်းခိုင်၊ ဒေါက်တာမင်းသန့်ခိုင်၊ မောင်စွမ်းပြည့်စုံဝင်း၊ မောင်ဘုန်းမြင့်မြတ်ဝင်းတို့၏အဘိုးသည် ၇-၁၂-၂၀၂၄ရက် (စနေနေ့) မွန်းလွဲ ၁:၀၅နာရီတွင် ဂရန်ဟံသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၂၄ ရက်၊(စနေနေ့) ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်စိန်စိန်(ရေဦး)

**ဆရာမကြီး(ငြိမ်း) (အ.ထ.က- ၂) လသာ**

**BA.BED**

**အသက်(၈၇)နှစ်**

ရေဦးမြို့နေ ဘုရားဒါယိကာ၊ ကျောင်းဒါယိကာ၊ ကုန်သည်ပွဲစားကြီး (ဦးဘလွန်း-ဒေါ်တင့်တင့်)တို့၏ သမီးငယ်၊ (ရုပ်သံညွှန်မှူး ဦးသိန်းတန်)၏ဇနီး၊ (ဒေါ်ခင်စန်း)၊ Dr.ဦးခင်မောင်သွင်၊ (Dr. ဦးကျော်-ဒေါ်ခင်ပြုံး)တို့၏ညီမ၊ (ဦးခင်မောင်အေး)-ဒေါ်စောကြည်တို့၏အစ်မ၊ တူ၊တူမ(၈)ယောက်တို့၏အဒေါ်သည် ၉-၁၂-၂၀၂၄ ရက်(တနင်္လာနေ့) နံနက်၈နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၁၂-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယိကာမကြီး

**သီဟသုဓမ္မသိင်္ဂီ ဒေါ်သွင်သွင်**

**အသက်(၇၉)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရှမ်းပွဲရပ်နေ ကိုမျိုးကျော်သွင်၊ ကိုမျိုးကျော်လွင်-ဒေါက်တာ သီရိဝေတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မကြည် စင်သန့်၊ မသုသီရိလွင်၊ မသစ်သီရိလွင်တို့၏ ဘွားဘွား၊ သီဟသုဓမ္မဇောတဓရဦးကျော်ဝင်း(သစ္စာစေတနာ ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေးနှင့် သီရိသစ္စာဟိုတယ်)၏ ချစ်လှစွာသောဇနီးသည် ၈-၁၂-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၁၁:၃၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၂၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရှမ်းပွဲရပ်နေအိမ်မှ တောင်အင်း-မြောက်အင်း သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

ဦးဝင်းနိုင် ၁၁/ရသတ(နိုင်) ၀၆၈၃၆၇နှင့်ဒေါ်ခင်စောဌေး ၁၁/မပတ (နိုင်) ၀၄၁၈၁၈တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်။ ဦးဝင်းနိုင် နှင့် ဒေါ်ခင်စောဌေးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၀၁၆)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သမီး (၁)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ဦးဝင်းနိုင်နှင့်ဒေါ်ခင်စောဌေးတို့သည် တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန်လည်း ဆန္ဒမရှိကြတော့သဖြင့် ၆-၁၂-၂၀၂၄ရက်တွင် နှစ်ဦးသဘောတူအကြင်လင် မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းသဘောတူစာချုပ်ကိုဂုဏ်သရေရှိလူကြီးမင်းများ ၏ ရှေ့မှောက်တွင် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးဝင်းနိုင်နှင့် ဒေါ်ခင်စောဌေးတို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီအေး(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၀)**
**အမှတ်(၁၀/၁၂၊ ညာ)၊ အခန်း(၁၀၃/F)၊ပထမထပ်၊ (၃၅)လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၁၈၅၁၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ (၄)ရပ်ကွက်၊ အင်းဂပိုကွင်း၊ အကွက်အမှတ်(၉၆၉)ဟုခေါ်တွင်သော အလျား(၂၀၀)ပေxအနံ(၃၀၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်များအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးတင်ဦး ၁၂/လကန(နိုင်) ၁၀၂၃၇၇က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် မူရင်းစာချုပ်စာတမ်းများနှင့်အတူ တရားဝင်လက်ရှိပိုင်ဆိုင်ထားပါကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဒေါ်ရွှေယဉ်အိ ၁၂/ကမရ(နိုင်) ၀၆၀၉၉၇ ကဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့်တကွ (၇)အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေယဉ်အိ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခွန်ရဲမာန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၅၁)**
**ဖုန်း-၀၉-၄၃၀၈၉၄၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/78155, Shayam 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဆန်းဝေ ၉/လဝန(နိုင်) ၂၄၂၇၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သရက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၄) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင် ...**

**❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့် အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကား ပြောကြားမှုမှ ကောက်နုတ်ချက်)



အာရှဖလား တတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း။

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၂၇ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဒီဇင်ဘာ ၉ ရက်က မလေးရှားနိုင်ငံတွင်ပြုလုပ်ရာ မြန်မာအသင်းသည် အုပ်စု (E) တွင် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် ကျရောက်ခဲ့သည်။

ခြေစစ်ပွဲ အုပ်စုမဲခွဲမှုအရ အုပ်စု (A) တွင် တာဂျစ်ကစ္စတန်၊ ဖိလစ်ပိုင်၊ မော်လ်ဒိုက်၊ တီမော၊ အုပ်စု(B)တွင် လက်ဘနွန်၊ ယီမင်၊ ဘူတန်၊ ဘရူနိုင်း၊ အုပ်စု(C)တွင် အိန္ဒိယ၊ ဟောင်ကောင်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (D) တွင် ထိုင်း၊ တာ့ခ်မင်နစ္စတန်၊ တရုတ်တိုင်ပေ၊ သီရိလင်္ကာ၊ အုပ်စု (E) တွင် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ မြန်မာ၊ ပါကစ္စတန်၊ အုပ်စု(F)တွင် ဗီယက်နမ်၊ မလေးရှား၊ နီပေါနှင့် လာအိုအသင်းတို့ ကျရောက်နေသည်။ မြန်မာအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲတွင် တွေ့ဆုံခဲ့သည့်

*စာမျက်နှာ ၁၅ ကော်လံ ၅* ○

## ပရီမီယာလိဂ်ပွဲစဉ် (၁၅) တွင် ခြေစွမ်းပြနေသည့် ချယ်ဆီးက အကြိတ်အနယ်ကစားပြီး စပါးကိုအနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၁၅) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် စပါးနှင့် ချယ်ဆီးအသင်းပွဲစဉ်ကို ဒီဇင်ဘာ ၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက အကြိတ်အနယ်ကစားပြီး လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

စပါးအသင်းအိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၆၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည့် အဆိုပါပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများဖြင့် နောက်ဆုံးမိနစ်အပိုင်းအခြားအထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ စပါးအသင်းအတွက် သွင်းဂိုးများကို ဆိုလန်ကီ၊ ကလူဆက်စကီးနှင့် ဆွန်ဟောင်မင်တို့က သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ဆန်ချို၊ ပဲလ်မာနှင့် ဖာနန်ဒက်စ်တို့က သွင်းယူပေးခဲ့သည်။

*စာမျက်နှာ ၁၅ ကော်လံ ၅* ●




ချယ်ဆီးကစားသမား ပဲလ်မာ စပါးအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံစဉ်။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံ ကမ်းလွန် - အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ) သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**



ယနေ့ ဖတ် စ ရာ

**နိုင်ငံတော်အဆင့် အခုလို အားကစားပွဲတော်ကြီးကို တစ်နှစ်တစ်ကြိမ် ကျင်းပပေးမယ်ဆိုရင် နိုင်ငံအဆင့် လက်ရွေးစင်ကစားသမားတွေ ပေါ်ထွက်လာပြီး နိုင်ငံတကာပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေ များစွာ ဆွတ်ခူးပေးနိုင်ကာ နိုင်ငံတော်ရဲ့ ဂုဏ်ကိုလည်း ဆောင်နိုင်မယ်လို့ မြင်ပါတယ်**

တွေ့ဆုံမေးမြန်း စာ ၁၄